The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0038 ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်

# မြေလွတ် မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ၁၆ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ ၏ ၁၆ ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၂၂ ရက်နေ့ နေ့လယ်က စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သည်။





အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က ၁၅ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် အာမခံကြေးကို ပြင်ဆင်သတ်မှတ်ပေးသွင်းစေသည့် ဗဟိုကော်မတီ၏ "အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၅)"ကို ၂၀၂၅ ခုနှစ် ၊ မတ် ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း ၊

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်အညီ နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း၊ စားရေရိက္ခာဖူလုံစေရေးနှင့် ပြည်ပတင်ပို့နိုင်ရေး အတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား အသုံးပြု လုပ်ကိုင်ခွင့်ပြုနိုင်ရန် ယနေ့ အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး၍ စိစစ်ခွင့်ပြုပေးသွားမည် ဖြစ်ပါကြောင်း၊ ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ကာလတိုအတွင်း အကျိုးစီးပွားဖြစ်ထွန်းစေမည့်(Quick Win)လုပ်ငန်းများကို ဦးစားပေးခွင့်ပြုသွားရမည် ဖြစ်ကြောင်း၊

တစ်ဖက်တွင်လည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားပြီး စည်းကမ်းချက် သတ်မှတ်ကာလ ၄ နှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသည့် မြေဧရိယာများကို အထူးအဖွဲ့များဖြင့် ကွင်းဆင်းစိစစ်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးထားသော လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များအား ပြန်လည် ရုပ်သိမ်းနိုင်ရေး နှင့် အာမခံကြေးများအား နိုင်ငံတော်ဘဏ္ဍာငွေ အဖြစ် သိမ်းဆည်းနိုင်ရေး တို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

၎င်းနောက် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများအား တင်ပြရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင်များက လုပ်ငန်းရပ်တစ်ခုချင်းအပေါ် ဆွေးနွေး စိစစ် ဆောင်ရွက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် ၁၆ ကြိမ်မြောက် ကျင်းပသည့် ယနေ့အစည်းအဝေး၌ သက်ဆိုင်ရာ ဝန်ကြီးဌာနများက သဘောထား ပြန်ကြားလာသည့် လုပ်ငန်းစာတွဲများ စိစစ်တင်ပြခြင်း၊ ယခင် ဗဟိုကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအရ ပြန်လည် စိစစ်တင်ပြလာသည့် လုပ်ငန်းစာတွဲများ၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ခွင့်ပြုမိန့် ပြန်လည်အပ်နှံသည့်ကိစ္စရပ်၊ ပေးသွင်းထားသည့် အာမခံကြေး ပြန် လည် ထုတ်ယူခွင့်ပြုပါရန် တင်ပြလာသည့်ကိစ္စရပ်၊ အကောင်အထည် ဖော်ရမည့်

စာ-၃ သို့

ဘုန်းကြီးကျောင်းနှင့် ကျန်းမာရေးကောင်းကျိုး……
စာ–၈

မြေသီလွှာ အာဟာရကြွယ်ဝရေး….
စာ–၁၆

## 2025 International Conference on Reducing Food Loss and Waste

# ညီလာခံသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပါဝင်တက်ရောက်

နေပြည်တော်၊ ဇူလိုင် ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong ပြည်နယ်၊ Jinan မြို့တွင် ဇူလိုင် ၂၄ မှ ၂၆ ရက်နေ့အထိ ကျင်းပလျက်ရှိသည့် 2025 International Conference on Reducing Food Loss and Waste ညီလာခံသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။






အဆိုပါအစည်းအဝေးကို တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန၊ the National Food and Strategic Reserves Administration နှင့် Shandong ပြည်နယ်အစိုးရတို့က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ညီလာခံသို့ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေ ကိုယ်စားလှယ်၊ ကမ္ဘာ့စားရေရိက္ခာ အစီအစဉ်မှ ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ Shandong ပြည်နယ်အစိုးရ တာဝန်ရှိသူများ၊ the National Food and Strategic Reserves Administration မှ ဒုတိယဥက္ကဋ္ဌ နှင့်ပညာရှင်များနှင့် အခြားဖိတ်ကြားထားသော သက်ဆိုင်ရာနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဆွေးနွေးပြောကြားရာ၌ စားရေရိက္ခာ လျော့နည်း ဆုံးရှုံးမှု၊ အလေအလွင့်ဖြစ်မှုအား လျှော့ချရန် လူထုအခြေပြုစနစ်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သီးနှံများကို စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ စားသုံးသည့်အဆင့်အထိ ကွင်းဆက်တစ်လျှောက်တွင် လေလွင့် ဆုံးရှုံးမှု လျှော့ချရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ၁၇ ချက် ပြည့်မီရေးအတွက် စားရေရိက္ခာစနစ်စဉ်ဆက်မပြတ် ရရှိစေရေးသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန် များစွာထွက်ရှိရန် အရင်းအမြစ်များစွာရှိသော်လည်း စားရေရိက္ခာ တန်ဖိုးမြှင့်ထုတ်လုပ်မှု ကွင်းဆက်တွင် ထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေးအတွက်သာမက လေလွင့် ဆုံးရှုံးမှုများကို လျှော့ချရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အထူးသဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရိတ်သိမ်းခြွေလှေ့မှု၊ သယ်ယူပို့ဆောင်မှု၊ ကြိတ်ခွဲပြုပြင်မှု၊ စားသုံးမှုအဆင့်များတွင် ဖြစ်ပေါ်နိုင်သည့် လေလွင့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရေး အသိပညာပေးခြင်း၊ မူဝါဒများချမှတ် ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံ အထွက်တိုးရေး၊ အလေအလွင့်နည်းပါးရေးကို တောင်သူပူးပေါင်း ပါဝင်သောနည်းဖြင့် ကြိုးပမ်း ဆောင်ရွက်နေကြောင်း၊ ကမ္ဘာနှင့်အဝှမ်း ကြိုးပမ်းမှုများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက် မည် ဖြစ်ပါကြောင်းဖြင့် ဆွေး နွေး ပြော ကြား ခဲ့ ကြော င်း သတင်းရရှိသည်။

MOALI

---

# မြန်မာနိုင်ငံမှ နာနတ်သီး တန်ချိန် ၆ ဒသမ ၄ သန်း ဝမ်တိန်သို့ တင်ပို့

မြန်မာနိုင်ငံမှ ဝမ်တိန်သို့ နာနတ်သီး တန်ချိန် ၆ ဒသမ ၄ သန်း တင်ပို့ခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သိရသည်။ မြန်မာ့နာနတ်သီးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် တရုတ်နိုင်ငံသို့ တင်ပို့ရန် ခွင့်ပြုခဲ့သည်။ ယူနန်ပြည်နယ် အနေဖြင့် မြန်မာနိုင်ငံမှ နာနတ်သီးကို ပထမဆုံးအကြိမ် လက်ခံခြင်းလည်း ဖြစ်သည်။

ဝမ်တိန်တွင် နာနတ်သီးများကို အရွယ်အစားအလိုက် အမျိုးအစားခွဲပြီးနောက် ကူမင်း၊ ချန်ဒူးနှင့် အခြားမြို့ကြီးများသို့ ပို့ဆောင်ပေးနေသည်။ နာနတ်သီးများသည် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ဝယ်လိုအားမြင့်မားပါသည်။ ထို့ကြောင့် အဆိုပါကာလအတွင်း တရုတ်နိုင်ငံသို့ တန်ချိန် ၅၀၀ ကျော်တင်ပို့နိုင်ရန် မျှော်လင့်ထားကြောင်း ရွှေလီ ကုန်သွယ်ရေး ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား သန့်ရှင်းရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေးဆိုင်ရာ (SPS) လုပ်ငန်းစဉ်များအရ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးရန် နှစ်စဉ်စစ်ဆေးရေးလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက် လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံမှ နာနတ်သီးများကို တရုတ် နိုင်ငံသို့ အပင်ပိုးမွှားကင်းရှင်းရေး စည်းမျဉ်းများနှင့် ကိုက်ညီသည့် အသီး များ ကို တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ (GACC) မှ ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံမှနာနတ်သီးများကို ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် စိုက်ပျိုးပါသည်။ နာနတ်သီးခူတ်သိမ်းရာသီသည် ဇွန်မှ စက်တင်ဘာအတွင်း ဖြစ် ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/myanmar-ships-6-4-tonnes-of-pineapples-to-wang-ding/



# ၂၀၂၅ ခုနှစ် ဩဂုတ် လပတ်အတွက်
# မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ် ပေါ်နိုင်ပြီးတစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင်ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်း ပြည်နယ်(တောင်ပိုင်း)တို့တွင်၂၅ရက်မှ၃၀ရက်ခန့်၊နေပြည်တော်၊မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၁၉ ရက်မှ ၂၄ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၁၄ရက်မှ ၁၈ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ကလေးဝမြို့၊မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင်တစ်ကြိမ်ခန့်စီ၊ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင်တစ်ကြိမ်ခန့်၊ စစ်တောင်း မြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည်မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန် မြစ်ရေသည်ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့၊ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင်တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး
(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# မြန်မာနိုင်ငံမှ တန်ဖိုးမြင့်ဆန်ထွက်ကုန်များ တင်ပို့ရန်စီစဉ်

**မြန်**မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်နှင့် ဆန်ကွဲ ပုံမှန်တင်ပို့နေခြင်းအပြင် ဆန်ကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပြောင်းလဲတင်ပို့ရန် စီစဉ်နေကြောင်း သိရှိရပါသည်။

"သမားရိုးကျ ဆန်တင်ပို့ခြင်းထက် ဆန်မှုန့်နှင့် ဆန်ခေါက်ဆွဲကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် စီစဉ်နေကြောင်း" MRF ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

ထို့အပြင် MRF သည် ဖွဲ့နဲဆီ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းနှင့် ပြည်တွင်းစားသုံးမှုအပြင် ပြည်တွင်း ဈေးကွက်တွင် ဖွဲ့နုဆီကြိတ်ဖတ် ရောင်းချခြင်းကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိ သည်။

MRF သည် ဇူလိုင် ၈ ရက်က စီးပွားရေးအတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆက်သွယ်မှုမှတစ်ဆင့် လုပ်ငန်းရှင်များအား အကြောင်းကြားပြီး ကိုရီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် Global Issue Forum တွင်တွေ့ဆုံကာ ကိုရီးယားနည်းပညာကို အသုံးပြု၍ ဆန်ခေါက်ဆွဲခြောက်နှင့် ဆန်ခေါက်ဆွဲအစိုထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။



MRF ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်တွင် ဆန်နှင့် ဆန်ကွဲ ၆၁၄၇၀၅ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၁၄ သန်း ရရှိခဲ့ကြောင်း သိရှိရသည်။

**လင်းလဲ့ရည်အောင်**

https://www.gnlm.com.mm/myanmar-plans-to-export-value-added-rice-products-2/

## မျက်နှာဖုံးမှ-

ကာလ သက်တမ်းတိုးမြှင့်ပေးပါရန် တင်ပြသည့် ကိစ္စရပ်၊ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့် ရရှိသူများက မြေခွန်ပေးသွင်းရန် ကျန်ရှိမှုအခြေအနေ စသည့် အကြောင်းအရာ ၁၈ ရပ် တို့ကို ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

Agribiz News www.agribiznews.com.mm



# ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ပြည်မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇူလိုင် ၂၄ ရက်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ပြည်မြို့ အမှတ်(၃၀) စက်မှုလယ်ယာစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စက်ကိရိယာများ ပိုမိုအသုံးပြုရန် လိုအပ်ချက်များ၊ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းမှုကွင်းဆက်တလျောက်၌ လယ်ယာသုံးစက်ကိရိယာများ လွှမ်းခြုံမှု တွက်ချက်ရာတွင် မြို့နယ်၊ ကျေးရွာအလိုက် အသေးစိတ် ဆောင်ရွက်ကြရန်၊ လယ်ယာသုံးစက်ကိရိယာ စာရင်းကောက်ခံရာတွင် ဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီရယူပြီး စာရင်းပြုစုရန်နှင့် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု သင်တန်းများဖွင့်လှစ်ပြီး လိုအပ်သောနေရာများ တွင် ဒေသနေတောင်သူများအား သရုပ်ပြလုပ်ငန်းများ ဆောင်ရွက်ပေးရန်၊ ဖော်ထုတ်ပြီး စနစ်ကျလယ်မြေများတွင် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန်၊ နှမ်းသီးနှံမျိုးစေ့ချ ဘောင်ကြီးတင် ကိရိယာကဲ့သို့ အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း အကျိုးရှိထိရောက်စွာအသုံးပြု နိုင်မည့် လယ်ယာသုံးစက်ကိရိယာများ ကြိုးစားတီထွင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် ပြည်မြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ထိန်းသိမ်းရေးရုံး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ခရိုင်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ သီးထပ်စွမ်းအား တိုးမြှင့်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ ဆည်ရေများပိုမို သိုလှောင်နိုင်သည့် အတွက် အကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ ရေဘေးကာကွယ်ရေးတာနှင့် ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာများ၊ ပူပြင်း ခြောက်သွေ့ကာလတွင် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ရေး နှင့် ရေသောက်ဧရိယာအလိုက် ဧက ပြည့်မီအောင် စိုက်ပျိုးရေး ပေးဝေရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု မှ မိုးစပါးမျိုးစေ့ထုတ် တောင်သူများအတွက် မြေသြဇာထောက်ပံ့ပေးအပ်ပွဲနှင့် မြေသြဇာကြဲပက်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများ အားတွေ့ဆုံကာ ဓာတ်မြေသြဇာများကို စနစ်တကျ သုံးစွဲပြီး ဒေသထုတ်ကုန် တိုးတက်မြင့်မားလာစေရေးကြိုးပမ်းကြရန်၊ မိမိတို့ဒေသ အတွင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာစေရေးနှင့် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ အခက်အခဲများကို သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက မြေသြဇာများ ထောက်ပံ့ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ဓာတ်မြေသြဇာအား အချိုးကျ အချိန်ကိုက် စနစ်တကျ ထည့်သွင်းခြင်းနည်းလမ်းများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများကို ရှင်းလင်း ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား မြေသြဇာများ ထောက်ပံ့ပေးအပ်ကာ စိုက်ကွင်းများအတွင်း မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ငင်းနောက် ဒုတိယဝန်ကြီးသည် စိန်ကမ္ဘာဦး လယ်ယာသုံးစက်ကိရိယာကုမ္ပဏီ သို့ရောက်ရှိပြီး ဘောင်ကြီးတင်စနစ်ဖြင့် ဆောင်ရွက်နိုင်သည့် နှမ်းသီးနှံမျိုးစေ့ချ ကိရိယာနှင့် ကြံစိုက်စက် ထုတ်လုပ်တပ်ဆင်နေမှုတို့ကိုကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ပြည်မြို့ ရောဝတီမြစ် ရေဘေး ကာကွယ်ရေးအတွက် တည်ဆောက်ထားသော နဝင်းတာ တာမိုင်(၀/၀ မှ ၂/၁)အထိသို့ ရောက်ရှိကြပြီး မြစ်ရေတက်ရောက်မှုနှင့် ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးကာ တာတမံပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ တွင် တာတမံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံဆောင်ရွက်သွားကြရန်နှင့် နည်းပညာပိုင်း ဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။

MOALI

# မြစ်သားတွင် ကောက်စိုက်စက်နှင့် ၁၀ တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

မြစ်သား ၊ ဇူလိုင် ၁၇

ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြု လာစေရေး ၊ လက်မှုလယ်ယာစနစ်မှစက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာကို စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးတို့ကိုရည်ရွယ်၍ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကောက်စိုက်စက်နှင့် ၁၀ တန်းသွားမျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉း၃၀




နာရီက မြစ်သားမြို့နယ် ၊ ပခမ်းကျေးရွာအုပ်စု ၊ ကွင်းအမှတ်(၅၃၃)၊ ဦးပိုင်(၆၇)ရှိ ဒေသခံ တောင်သူ ဦးစိုးညွန့်၏ လယ်မြေ ၂ ဧကတွင် ကျင်းပပြုလုပ်ခဲ့သည်။

ကောက်စိုက်စက်နှင့် ၁၀ တန်းသွားမျိုးစေ့ချစက် အသုံးပြု စိုက်ပျိုး

စာ-၅ သို့

# ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာတင်ပို့မှု ပထမ ၆ လအတွင်း ၈ ရာခိုင်နှုန်း တိုးမြင့်

ရုရှားနိုင်ငံမှ ကုမ္ပဏီများ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ ဇွန်အတွင်း ဓာတ်မြေဩဇာတင်ပို့မှုသည် ပမာဏအားဖြင့် တန်ချိန် ၂၂ ဒသမ ၇ သန်းအထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း ရုရှားဓာတ်မြေဩဇာ ထုတ်လုပ်သူများအသင်း (Russian Association of Fertilizer Producers- RAFP) မှ သတင်း ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံ၏ ဓာတ်သတ္တု ဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည်



၂၀၂၅ ခုနှစ်တွင် တန်ချိန် ၆၅ သန်းအထိ၊ ၃ ရာခိုင်နှုန်း တိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်း အထိ၊ ၅ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း အဆိုပါအသင်း၏ ဥက္ကဋ္ဌ Mr. Andrey Guryev က အစောပိုင်းတွင် ပြောကြားခဲ့သည်။ ယင်းပမာဏ နှစ်ခုလုံးသည် စံချိန်အသစ် တင်နိုင်ဖွယ်ရှိသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေဩဇာထုတ်လုပ်နိုင်မှုသည် တန်ချိန် ၆၃ သန်း ရှိခဲ့ပြီး တင်ပို့နိုင်မှုသည် တန်ချိန် ၄၂ သန်းအထိ စံချိန်တင်မှတ်တမ်း ရရှိခဲ့သည်။

ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာ အဓိကတင်ပို့သောနိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူရကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့် နိုင်ငံများဖြစ်ကြောင်း သိရသည်။

**ခွန်မျိုးသူ**

https://tass.ru/ekonomika/24516389

# ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တမန်းနှိုးကိရိယာဖြင့် တမန်းနှိုးခြင်း သရုပ်ပြပွဲ မြောင်းမြတွင်ကျင်းပ



မြောင်းမြ၊ ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်အတွင်း ဒေသခံတောင်သူများ အနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ တမန်းနှိုးရင်း ပေါင်းမြက်များ ရှင်းနိုင်ရေး နှင့် စပါးအထွက်နှုန်း ကောင်းမွန်စေရေး စသည့် ကောင်းကျိုးများစွာရရှိစေရန် ရည်ရွယ်၍ KUBOTA SPV 6 CMD ၃ စီး နှင့် တမန်းနှိုးကိရိယာ ၁၀ လက်တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်းနှင့် တမန်းနှိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြောင်းမြမြို့နယ်၊ ကံကြီးကျေးရွာ ကွင်းအမှတ် ၂၂၃ ရှိ ဒေသခံတောင်သူ ဦးစိုးမြင့်၏ လယ်မြေ ၅ ဧကတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြောင်းမြခရိုင်စိုက်တိုးမြှင့်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ နှင့် ကံကြီး ၊ သပြေချောင် ၊ သမင်ခြံ ၊ မဒေါ့ပင်ကျေးရွာတို့ မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူ ၅၀ ဦးခန့် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ သရုပ်ပြပွဲတွင် KUBOTA SPV 6 CMD ကောက်စိုက်စက် အသုံးပြု၍ စိုက်ပျိုးရာတွင် စိုက်ခင်းလယ်မျက်နှာပြင်ညီညာရန်လိုအပ်ခြင်း၊ပျိုးဗန်းအတွင်းပျိုးထောင်ရန် နေရာအနည်းငယ်သာလိုအပ်ခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း၊ ကောက်ကွက်နှင့် ကောက်ပင်အတိမ်အနက် လိုအပ်သလို ချိန်ညှိစိုက်ပျိုးနိုင်ခြင်း ၊ ပျိုးသက်နုနုဖြင့် စိုက်ပျိုးခြင်းကြောင့် ပင်ပွားအရေအတွက်များများရရှိနိုင်ခြင်း၊ အချိန်တိုအတွင်း ဧကများစွာစိုက်ပျိုးနိုင်ခြင်းကြောင့် ရာသီဥတုပြောင်းလဲလာချိန်တွင် အချိန်မီ အခါမီ စိုက်ပျိုးနိုင်ခြင်း၊ တစ်ဧကကောက်ကွက် ပြည့်မီသဖြင့် စပါးအထွက်နှုန်းကောင်းမွန်ခြင်းနှင့် KUBOTA SPV 6 CMD နှင့် ၈ တန်းသွားမျိုးစေ့ချ ကိရိယာများ၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များကို မြို့နယ်ဦးစီးဌာနမှူး ဦးထက်ခေါင်ဝင်းက အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။ AMD

စာ-၄ မှ

ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိ ပြုလိုက်နာရမည့် အချက်များကို စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးရားကိုင်ထန်းက အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါ ကောက်စိုက်စက်နှင့် ၁၀ တန်းသွားမျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးစိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ ၊ ကျောက်ဆည် ခရိုင်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာအုပ်စု ၁၀ ခုမှ ဒေသခံတောင်သူ ၇၅ ဦးခန့် စိတ်ပါဝင်စားစွာ လာရောက် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရသည်။

**AMD**

# အမေရိကန်ဝက်သားတင်သွင်းခွင့်ပြုက ထိုင်းဝက်သားထုတ်လုပ်ငန်း အရှုံးပေါ်နိုင်

**ထိုင်း**နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ ဝက်သားကို တင်သွင်းခွင့်ပြုပြီး ဈေးကွက် ဖွင့်ပေးလိုက်ပါက ပြည်တွင်းဝက်သားထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၆ ဘီလီယံအထိ အရှုံးပေါ်လာနိုင်ကြောင်း ကာစီကွန်သုတေသနဌာနအရ သိရှိရသည်။

သုတေသနဌာနအဆိုအရ ဝက်သားနှင့် အတွင်းကလီစာအမျိုးမျိုးတို့သည် အမေရိကန်နှင့်ထိုင်းနိုင်ငံကြား ကုန်သွယ်ခွန်ညှိနှိုင်းမှုတွင် အမေရိကန်၏ တွန်းအားပေးနိုင်သည့် အဓိကကုန်စည်များတွင် ပါဝင်လာနိုင်ကြောင်း သိရှိရသည်။

အမေရိကန်ဝက်သားမှာ ထုတ်လုပ်မှုကုန်ကျစရိတ်နည်းပါးသဖြင့် ထိုင်းဝက်သားအပေါ် ဈေးကွက် အသာစီးရလျက်ရှိသည်။ လက်ရှိတွင် ထိုင်းဝက်သားဈေးနှုန်းမှာ အမေရိကန်ဝက်သားထက် ၁ ဒသမ ၃ ဆ ဈေးမြင့်မားနေသည်။ ၂၀၂၃-၂၄ ခုနှစ် အမေရိကန်ဝက်သားပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုလျှင် ၁ ဒသမ ၇ ဒေါ်လာဖြစ်ပြီး ထိုင်းဝက်သားပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုလျှင် ၂ ဒသမ ၃ ဒေါ်လာဖြစ်သည်။

ဖြစ်ပေါ်လာဖွယ်ရှိသည့် ဈေးချိုသည့် အမေရိကန်ဝက်သားနှင့် ကလီစာအမျိုးမျိုး တင်သွင်းမှုဂယက်သည် ထိုင်းဝက်သားထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ဝက်မွေးတောင်သူများ၊ တိရစ္ဆာန်စာစိုက်ပျိုးသူများမှသည် သားသတ်ရုံနှင့် လက်လီဈေးများအထိ သိသိသာသာ ရိုက်ခတ်မှုရှိလာမည်ဖြစ်ကြောင်း သိရသည်။

TTP

www.asian-agribiz.com



# ရုရှားမှ ဖိလစ်ပိုင်သို့ ကြက်ဘဲသားထုတ်ကုန်များ တင်ပို့ခွင့် ပြန်လည်ရရှိ

ရုရှားနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ကြက်ဘဲသားနှင့် ၎င်း၏ ထုတ်ကုန်ပစ္စည်းများ တင်ပို့ခွင့် ပြန်လည်ရရှိကြောင်း ရုရှားတိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkhoznadzor)က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် စတင်ချမှတ်ခဲ့သည့် ရုရှားကြက်ဘဲထုတ်ကုန်များ ပေးပို့မှုဆိုင်ရာတားမြစ်ချက်ကို ယခုလ (၂၀၂၅ ခုနှစ်၊ ဇူလိုင်) တွင် ရုပ်သိမ်းခဲ့ပြီး ရုရှားမှ ဖိလစ်ပိုင်သို့ ကြက်ဘဲသားနှင့် ယင်းထုတ်ကုန်ပစ္စည်းများ တင်ပို့ရန် နောက်ဆုံးပြင်ဆင်ထားသော တိရစ္ဆာန်ဆေးဘက်ဆိုင်ရာလက် မှတ်(veterinary certificate) အသစ်ကိုလည်း သဘောတူညီခဲ့ကြကြောင်း Rosselkhoznadzor ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားမှတ်ပုံတင်စာရင်း၌ အဆိုပါကုန်ပစ္စည်းများထုတ်လုပ်သည့် ရုရှားကုမ္ပဏီ/လုပ်ငန်း ၉ ခု ပါဝင်ကြောင်း ဖော်ပြထားသည်။

အဆိုပါ ကြက်ဘဲသားထုတ်ကုန်များကို ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် တိရစ္ဆာန်နှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ယင်းထုတ်ကုန် အမျိုးအစားများအား ထောက်ပံ့ပေး ရန် လိုအပ်သော အခြေအနေများနှင့် ကိုက်ညီမှုရှိခြင်း၊ Rosselkhoznadzor ဌာနက ယင်းထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် သိုလှောင်ထားရှိခြင်းအတွက် လုပ်ငန်းများကို စစ်ဆေးခြင်း၊ ထုတ်လုပ်သည့်လုပ်ငန်းများသည် ပြည်ပရှိ တာဝန်ရှိအာဏာပိုင်အဖွဲ့များထံမှ အသိအမှတ်ပြု လက်မှတ်ရရှိရန် လိုအပ်ပြီး သက်ဆိုင်ရာမှတ်ပုံတင်စာရင်းအတွင်း ပါဝင်ရန်လိုအပ်ခြင်း စသည့်အခြေအနေများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း



သတ်မှတ်ထားသည်။

ထို့အပြင် ရုရှားမှ ဖိလစ်ပိုင်သို့ အမဲသားနှင့် အမဲသားထုတ်ကုန်များ တင်ပို့ခွင့်အတွက်လည်း တိရစ္ဆာန်ဆေးဘက်ဆိုင်ရာလက်မှတ်အသစ်ကို သဘောတူညီမှုရရှိခဲ့ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ရုရှားအမဲသား ထုတ်လုပ်သည့် လုပ်ငန်း ၂ ခုသည် ဖိလစ်ပိုင်ဈေးကွက်သို့ တင်ပို့ရန်အတွက် လက်မှတ်ရရှိထားသည်။

**ခွန်မြို့သူ**

https://fsvps.gov.ru/news/rossija-soglasovala-vozmozhnost-jeksporta-mjasa-i-subproduktov-pticy-na-



# တရုတ်၏တားမြစ်ချက်ပြီးဆုံးချိန် အမဲသားပို့ကုန်မြှင့်တင်ရေးဂျပန်ပြင်ဆင်

နွားရူးရောဂါ ဖြစ်ပွားမှုကြောင့် ၂၀၀၁ ခုနှစ်မှစ၍ ဂျပန်နိုင်ငံမှ အမဲသားတင်သွင်းမှုကို ဆယ်စုနှစ်မျှ ရှည်ကြာသည့် တားမြစ်ခဲ့မှုအား တရုတ်နိုင်ငံက ဖယ်ရှားတော့မည်ဖြစ်သဖြင့် ဂျပန်နိုင်ငံအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။ နှစ်နိုင်ငံကြား အမဲသားတိုက်ရိုက် တင်ပို့မှု ပြန်လည်စတင်နိုင်မည့် ခြေလှမ်းတစ်ရပ်အဖြစ် ဂျပန်-တရုတ် တိရစ္ဆာန်ကျန်းမာရေးနှင့် ရောဂါပိုးမွှားထိန်းချုပ်ရေး သဘောတူညီမှုသည် ဇူလိုင်တတိယပတ်အတွင်း စတင်အသက်ဝင်ပြီဖြစ်သည်။

အစားအစာ ဘေးကင်းလုံခြုံမှု၊ ပြုပြင်ထုတ်လုပ်မှုနည်းလမ်းများနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့အပေါ် ဆွေးနွေးမှုများကို တင်ပို့မှုမတိုင်မီ ပြုလုပ်ရန်လိုအပ်နေဆဲဖြစ်ကြောင်း ဂျပန် စိုက်ပျိုးရေးဝန်ကြီးဌာနကဆိုသည်။ “တင်ပို့မှု ပြန်လည်စတင်နိုင်ဖို့ လိုအပ်တဲ့ အခြေအနေအရပ်ရပ်ဟာ တရုတ်နိုင်ငံဖက်က တောင်းဆိုတဲ့အပေါ်မူတည်ပါတယ်”ဟု ဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

၂၀၂၄ ခုနှစ်က ဂျပန်မှ အမဲသား တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၃၅ ဒသမ ၆ သန်းဖြစ်ပြီး ၂၀၃၀ ခုနှစ်တွင် နှစ်ဆနီးပါး (အမေရိကန်ဒေါ်လာ ၇၆၀ ဒသမ ၈) မြှင့်တင်နိုင်ရန် မျှော်မှန်းထားသည်။ လယ်ယာသားငါးထွက်ကုန် တင်ပို့မှု ၃၃ ဒသမ ၆ ဘီလီယံထိ မြှင့်တင်နိုင်ရေး အစီအမံ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဂျပန်နိုင်ငံအစိုးရ၏ တွန်းအားပေးမှုဖြစ်ကြောင်း သိရှိရသည်။

“တရုတ်နိုင်ငံရဲ့ ကြီးမားများပြားတဲ့ လူဦးရေပမာဏနဲ့ဆိုရင် ဂျပန်အမဲသား ဝယ်လိုအားမြင့်မားလာလိမ့်မယ် ထင်ပါတယ်”ဟု ဂျပန်နိုင်ငံ မွေးမြူရေးထုတ်ကုန် တင်ပို့မှုမြှင့်တင်ရေးကောင်စီမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားကြောင်းလည်း သိရှိရသည်။

**TTP**

www.asian-agribiz.com

# တီလားပီယားသည် ဗီယက်နမ်၏ နောက်ထပ် ပင်လယ်စာဗျူဟာ တစ်ခုပေလော?



ဗီယက်နမ်၏ မွေးမြူရေးရေထွက်ပစ္စည်းပို့ကုန်တွင် ပုစွန်နှင့် ငါးတန်ပြီးလျှင် တီလားပီးယားငါးသည် အဓိကဖြစ်လာဖွယ် အလားအလာရှိနေသည်။ ဗီယက်နိုင်ငံအနေဖြင့် ရေထွက်ပစ္စည်းများ အကြီးအကျယ်မွေးမြူထုတ်လုပ်နိုင်သည့် အခြေအနေရှိသော်လည်း တရုတ်နှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ ဒေသတွင်းနိုင်ငံများ၏ ယှဉ်ပြိုင်မှုအရ ၎င်း၏ ထုတ်လုပ်မှုနှင့် တင်ပို့မှုတန်ဖိုးမှာ အလယ်အလတ်အဆင့်သာ ရှိသေးသည်။

Vasep ၏ ဒုတိယအထွေထွေအတွင်းရေးမှူး ငုယင်ဟွိုင်နမ်၏ Asian-Agribiz သို့ ပြောကြားချက်အရ ဗီယက်နမ်၏ ရေချိုငါးမွေးမြူမှုအတွေ့အကြုံများအရ တီလားပီးယားငါးကို ဗျူဟာကျသည့်ကုန်စည်အဖြစ် စီးပွားဖြစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးနယ်ပယ်ဆိုင်ရာ မူဝါဒများနှင့် ကုန်ကြမ်းတင်သွင်းသူများအပါအဝင် Stakeholder များ၏ ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း သိရှိရသည်။

တီလားပီးယားငါးအတွက် ငါးစာကို မြှင့်တင်နိုင်ရန် အမေရိကန်မှ တင်သွင်းသူများ၏ ပံ့ပိုးကူညီမှု

စာ-၇ သို့



# ငွေကြေးဖောင်းပွမှုကြောင့် ထိုင်းအစားအစာဈေးနှုန်းများ မြင့်တက်

Agency for Real Estate Affairs-AREA ၏ သုတေသနပြုမှုအရ ထိုင်းနိုင်ငံရှိ အစားအစာဈေးနှုန်းများသည် လွန်ခဲ့သည့် ၁၃ နှစ်ကထက် ၁၀၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်က ၃၁ ဘတ် ပေးရသည့် အစားအစာသည် ၂၀၂၅ ခုနှစ်တွင် ၆၄ ဘတ်ဖြစ်လာကြောင်း သိရှိရသည်။ ထိုလေ့လာမှုကို ဘန်ကောက်ရှိ စီးပွားရေးခရိုင်များဖြစ်သည့် စီလုံ၊ စူရာဝမ်နှင့် ဆတ်သရွန်ဧရိယာများတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာသော်လည်း ထိုကာလတွင် အနိမ့်ဆုံးလုပ်ခငွေကြေးမှာ ၃၃ ဒသမ ၃ ရာခိုင်နှုန်း(ဘတ် ၃၀၀ မှ ဘတ် ၄၀၀) သာ မြင့်တက်ခဲ့ကြောင်း၊ လုပ်ခနှင့် လူနေမှုစရိတ်အကြား ထင်ရှားသည့် ကွာဟမှုကို ဖြစ်စေခဲ့ကြောင်း သိရှိရသည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကောက်ယူခဲ့သော အချက်အလက်များအရ စားသောက်ကုန် ဈေးနှုန်းများသည် ယင်လပ်ရှင်နာဝါထရာ အစိုးရလက်ထက် (၂၀၁၂ မှ ၂၀၁၄) တွင် တစ်နှစ်ပျမ်းမျှ ၅ ဒသမ ၂ ရာခိုင်နှုန်း၊ ပရာရွတ်ချန်အိုချာအစိုးရလက်ထက် (၂၀၁၄ မှ၂၀၂၃)တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဆာရက်သာ သက်ဗ်ဆင်အစိုးရ (၂၀၂၃ မှ ၂၀၂၄) တွင် ၃ ဒသမ ၃ ရာခိုင်နှုန်း၊ ပေထုန်တန်ရှင်နာဝါထရာအစိုးရ (၂၀၂၄ မှ ၂၀၂၅) တွင် ၂ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်ဟု ဆိုသည်။

ပြည်သူများအပေါ် စားသောက်ကုန်ဈေးနှုန်း၏ သက်ရောက်မှု (အထူးသဖြင့် ရုံးဝန်ထမ်းများ နေထိုင်သည့် ဧရိယာ)ကို လေ့လာနိုင်ရန် AREA သုတေသနစင်တာ၏ ဥက္ကဋ္ဌ ဒေါက်တာဆိုဖွန်ပေါင်ချွတ်ချိုင်က ဦးဆောင်စတင်ခဲ့ခြင်းဖြစ်သည်။ လေ့လာမှု၏ အကြံပြုချက်တွင် တိုးရစ်များနှင့် စက်မှုဧရိယာများတွင် စားသောက်ကုန် ဈေးနှုန်းများ ပိုမိုမြင့်မားနိုင်သော်လည်း အခြေခံစားကုန် ရွေးချယ်မှုတွင် စားသုံးသူများ၏ အထိအခိုက်မခံနိုင်မှုနှင့် အစိုးရ၏ oversight ဖြစ်မှုတို့အရ တည်ငြိမ်နေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆောက်အအုံ ငှားရမ်းခများ မြင့်တက်မှုက စားသောက်ကုန်ဈေးနှုန်း မြင့်တက်မှုအပေါ် သိသိသာသာ လွှမ်းမိုးထားကြောင်း၊ စားသောက်ဆိုင်နေရာ ငှားရမ်းခများကို တစ်လလျှင် ဘတ် ခြောက်သောင်း (၁၈ စတုရန်းမီတာအတွက်) အထိ ပေးနေရကြောင်း၊ ယင်းဖြစ်စဉ်က စားသုံးသူများနှင့် ဈေးသည်များ နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် “ဝယ်-ယူ-စား စားစရာ (Takeaway meals)” အခြေအနေကို ဖြစ်ပေါ်စေခဲ့ကြောင်း သုတေသနက ဆိုသည်။

စိန်ခေါ်မှုများရှိနေသော်လည်း နှေးကွေးနေသော စီးပွားရေးအခြေအနေအရ ၂၀၂၅-၂၆ ခုနှစ်တွင် အစားအစာ ဈေးနှုန်းများ တည်ငြိမ်နေဖွယ်ရှိကြောင်း လေ့လာမှုက ဖော်ပြထားသည်။ အစားအစာ ဈေးနှုန်းများ အမြင့်ဆုံး ၂ ရာခိုင်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားပြီး မိသားစုပြည်သူများအနေဖြင့် အသုံးစရိတ်ချွေတာနိုင်ရန် အိမ်မှာပင် ချက်ပြုတ်စားကြရန် တိုက်တွန်းထားသည်။

**TTP**

www.asian-agribiz.com

# တောင်ကိုရီးယားတွင် ရောင်းလိုအားတည်ငြိမ်စေရန် အရန်ဂေါ်ဖီထုပ်များ ထုတ်ရောင်း

**တောင်**ကိုရီးယားနိုင်ငံရှိ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနသည် သိုလှောင်ရုံများမှ တစ်ရက်လျှင် ဂေါ်ဖီထုပ် တန်ချိန် ၁၀၀ မှ ၂၅၀ အထိ ထုတ်ရောင်းလျက်ရှိသည်။ ဤဆုံးဖြတ်ချက် သည် ဂေါ်ဖီထုပ်ထုတ်လုပ်မှုကို ထိခိုက်စေသည့် ပုံမှန်မဟုတ်သော ရာသီဥတုအခြေအနေကြောင့် ထိခိုက် ဖြစ်ပေါ်လာသည့် မတည်ငြိမ်သော ရောင်းလိုအားနှင့် ဝယ်လိုအားကို တည်ငြိမ်စေရန် ရည်ရွယ်သည်။

အပူလှိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းကဲ့သို့သော ပြင်းထန်သောရာသီဥတုကြောင့် ဖြစ် ပေါ်လာသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဝန်ကြီးဌာနသည် စိုက်ပျိုးရေး ဈေးကွက်များ တည်ငြိမ်စေရန်နှင့် စားသုံးသူအကျိုးစီးပွားကို ကာကွယ်ရန် မဟာဗျူဟာ များကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် အဓိကကျသော ဂေါ်ဖီထုပ် စိုက်ပျိုးသည့် ဧရိယာဖြစ်သည့် Gangwon ပြည်နယ်တွင် အပူနှင့်မိုးခေါင်မှု ၏ သက်ရောက် မှုများကို တိုက်ဖျက်ရန် အရေးပေါ်ရေပေးဝေရေးယာဉ်များနှင့် ရွှေ့လျားပစ္စည်းများကို အသုံးပြုပါ သည်။

Korea Federation of Agricultural Distribution Corporations ၏ အထွေထွေ အတွင်းရေးမှူး Lee Kwang-hyung က ခြောက်သွေ့နေသော်လည်း ယခုအပတ် ရွာသွန်း သော မိုး ကြောင့် ရာသီဥတုဆက်လက်အေးမြနေ၍ ဂေါ်ဖီထုပ်ထုတ်လုပ်မှု ကောင်းမွန်လာနိုင်ကြောင်း ပြော ကြားသည်။

ဝန်ကြီးဌာနသည် နွေရာသီအတွင်း ဖြစ်နိုင်ချေရှိသော ရာသီဥတုနှင့် ဆက်နွယ်သော ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးသက်သာစေရန် ရေနုတ်မြောင်းဆိုင်ရာ အခြေခံ အဆောက်အအုံများကို ထိန်းသိမ်းရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် အစောပိုင်းအဆင့်တွင် ဂေါ်ဖီပင်ကြီးထွားမှုကို ထိခိုက်စေမည်ဆိုပါက ပြန်လည်စိုက်ပျိုးရန်အတွက် အပိုပျိုးပင် ၂ ဒသမ ၅ သန်း အဆင်သင့် ပျိုးထောင်ထားပြီဖြစ်သည်။

ထုတ်လုပ်မှုထိခိုက်သည့် အခြေအနေများတွင် အစိုးရ၏အရန် သိုလှောင်ရုံမှ တန်ချိန် ၃၅,၅၀၀ အထိသည် လက်ကားဈေးကွက်များသို့ ဝင်ရောက်လာနိုင်ပြီး နေ့စဉ်ဖြန့်ဖြူးမှုအနေဖြင့် Garak Market ၏ ပုံမှန် သွင်းကုန် ပမာဏ၏ ၂၅-၅၀ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9748897/indian-mango-prices-drop-in-new-zealand-market/



စာ- ၆ မှ

လိုအပ်ကြောင်း ၎င်းက အထူးပြု ပြောကြားသည်။ ငါးတန်တင်ပို့မှုတွင် ကုန်စည်တံဆိပ် (Brand) ဖြင့် အောင်မြင်ခဲ့သည့်နည်းတူ တီလားပီးယားကိုလည်း V-Tilapia အမည်ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

**TTP**

www.asian-agribiz.com

စာ-၉ မှ

အထွက်ရရှိရေးအတွက် မျိုး၊မြေ၊ရေ၊ နည်း ကူညီဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးနည်းပညာများကို ဝန်ထမ်းများ ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်ပေးသကဲ့သို့ တောင်သူအချင်းချင်း နည်းပညာ လက်ဆင့်ကမ်း ဖြန့်ဝေနိုင်ရေး အားပေးဆောင်ရွက်ရန်၊ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဆီထွက်သီးနှံများကို သီးထပ် သီးညှပ် တိုးချဲ့ စိုက်ပျိုးရန်နှင့် ပန်းတိုင် အထွက်နှုန်းရရှိရေး လုပ်ငန်းများကို ပြည်နယ်အစိုးရ၏ ကြီးကြပ်မှု၊ သက်ဆိုင်ရာ ဌာန အဖွဲ့အစည်းများ၏ ပူးပေါင်း ဆောင်ရွက်မှုတို့ဖြင့် စနစ်တကျ ကြိုးပမ်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိ သည်။

**MOALI**



# ဘုန်းကြီးကဏန်း၏ သဘာဝနှင့်ကျန်းမာရေးကောင်းကျိုး

ပင်လယ်ပြာ(ငါးဦးစီး)

ကဏန်း(Crab)များသည် စီးပွားရေးအရအရေးပါသော နိုင်ငံခြားရေထွက်ပို့ကုန်တစ်မျိုးဖြစ်သည်။ ကဏန်းမျိုးစိတ်များတွင်ရွှံ့ကဏန်း၊သဲကဏန်း၊ဘုန်းကြီးကဏန်း၊လယ်ကဏန်း စသဖြင့် အမျိုးမျိုးရှိကြသည်။

ကဏန်းမျိုးစိတ်များသည် ကမ္ဘာ့သမုဒ္ဒရာရေပြင် ရေချိုပိုင်းနှင့် ကုန်းတွင်းပိုင်းတို့တွင် နေထိုင်လေ့ရှိကြပြီး ကမ္ဘာအနှံ့အပြားတွင် ကဏန်းမျိုးစိတ်ပေါင်း ၆၇၀၀ ကျော်ခန့်ရှိကြပြီး ကဏန်းအုပ်စုပေါင်း ၉၃ စုခန့်ရှိကြောင်း မှတ်တမ်းများအရ သိရပါသည်။ကဏန်းမျိုးစိတ်များသည် ခြေထောက် ၁၀ ချောင်းပါသော အခွံမာရေသတ္တဝါ (decapods crustaceans)များဖြစ်ကြသည်။

## ဘုန်းကြီးကဏန်း၏ သဘာဝ

ဘုန်းကြီးကဏန်းသည် အခွံမာရေသတ္တဝါဖြစ်သည်နှင့်အညီထူးခြားစွာ ခြေထောက် ၁၀ချောင်း ပါရှိသည်ကို တွေ့ရသည်။ ယင်းတို့အနက် ၈ ချောင်းကိုသာ လမ်းလျှောက်သွားလာရန်အသုံးချ၍ ကဏန်းလက်မ ခေါ် ကြီးမားသန်စွမ်းသည့် ပထမအစုံကိုမူ လက်သဖွယ် အသုံးချသည်။ ထိုလက်မကြီးများသည် ကဏန်းအတွက် အကာအကွယ်လက်နက်လည်း ဖြစ်၏။

ဘုန်းကြီးကဏန်း၏ ကျောကုန်းမှာ အံ့ဖွယ်ကောင်းလောက်အောင် မာကျောသော အခွံထူဖြစ်၍ ယင်းအခွံကြီးက ၎င်း၏ ကိုယ်ခန္ဓာကို ကာကွယ်ထားသည်။ ကိုယ်အရှေ့ပိုင်းတွင် ရင်အုပ်ကာသံချပ်သဖွယ် အကာအကွယ်ပါရှိ၍ ခြေထောက် ၁၀ ချောင်းစလုံးမှာလည်း မာကျောသော အခွံများဖြင့် အသီးသီးဖုံးအုပ်လျက်ရှိပေသည်။

ဘုန်းကြီးကဏန်းသည် ရန်သူကို လက်မဖြင့် မြဲမြံစွာ ညှပ်တတ်သောကြောင့် ယင်းတို့ကို သတိနှင့် ကိုင်တွယ်ရသည်။ ကဏန်း၏ မျက်လုံးများတွင် အညှာတံပါရှိ၍ ယင်းတို့သည် ဝင်လိုက်ထွက်လိုက်လုပ်တတ်ပြီး ၎င်း၏ ပါးစပ်မှာလည်း အလွန်အံ့ဩဖွယ်ကောင်းသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ယင်းတွင် စမ်းသပ်ရန်၊ ကိုက်ဖဲ့ရန်နှင့် အစာကို ဝါးချေရန် အင်္ဂါအစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်သောကြောင့် ဖြစ်၏။



## ဘုန်းကြီးကဏန်း၏ ခန္ဓာဗေဒ အချက်အလက်များ

မြိတ်ဒေသအခေါ်အရ "ဘုန်းကြီးကဏန်း" ဟု လူသိများသောကဏန်းနီကို အင်္ဂလိပ်လို "Spanner Crab or Frog Crab" ဟု ခေါ်ဆိုကြပါသည်။ သိပ္ပံအမည်မှာ "Ranina ranina" ဖြစ်သည်။

ဘုန်းကြီးကဏန်း၏ကျောခွံ(carapace)မှာ အရှေ့ဘက်တွင် ကျယ်ပြန့်ပြီး နီညိုရောင်ရှိကာ အဖြူရောင်အစက်အပြောက် အနည်းငယ်ပါရှိကြသည်။ ထူးခြားချက်မှာ ဘုန်းကြီးကဏန်းများသည် ညဘက်တွင်သာ ပင်လယ်ရေအောက်ကြမ်းပြင်မှာ သွားလာကျက်စားတတ်ကြပြီး သွားလာသည့်အခါ ဘေးတိုက်မသွားဘဲ အတည့်အတိုင်းသွားသည့် မျိုးစိတ်ဖြစ်သည်။ နေ့ဘက်တွင်မူ ကဏန်းနီများမှာ သဲထဲတွင် နစ်မြုပ်ပြီးနေတတ်သော သဘာဝရှိကြသည်။

ဘုန်းကြီးကဏန်းမျိုးစိတ်များမှာ အရွယ်အစားအားဖြင့် 150 mm (၅ ဒသမ ၉ လက်မ) ထိ ကြီးထွားနိုင်ကြပြီး အလေးချိန်အားဖြင့် 900 gm (၂ ပေါင်) ထိ ရှိကြပါသည်။ အပူပိုင်းနှင့် အပူလျော့ပိုင်း ဒေသများတွင် ဘုန်းကြီးကဏန်းမျိုးစိတ်များကို တွေ့ရှိရသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ ကမ်းရိုးတန်းဒေသများတွင်လည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ကဏန်းနီ(ခေါ်)ဘုန်းကြီးကဏန်းကို တနင်္သာရီတိုင်းဘက်တွင် ပိုမိုတွေ့ရပြီး မြိတ်ကျွန်းစုမှ ရေမိုင် ၁၀၀ ကျော်ဝေးသော ပင်လယ်ရေပြင်တွင် သံမြုံးများကို ရေအောက်ကြမ်းပြင်သို့ချ၍ ဖမ်းဆီးခြင်းဖြစ်ပြီး ဖမ်းဆီးမှုကြာမြင့်ချိန်သည် လှေတစ်ခေါက်ထွက်လျှင် ပင်လယ်ပြင်တွင် ၂ ပတ်ခန့် ကြာမြင့်သည်ဟု ကဏန်းနီဖမ်းသော ရေလုပ်သားများ ပြောပြချက်အရ သိရပါသည်။

## ပြည်ပတင်ပို့မှု

ပင်လယ်ပြင်မှ ဖမ်းဆီးရမိလာသော ဘုန်းကြီးကဏန်းများကို ကုမ္ပဏီနှင့် အအေးခန်းစက်ရုံများက ဝယ်ယူကြပြီး အေးခဲပြုပြင်၍ ဂျပန်၊ ဟောင်ကောင်၊ တရုတ်၊စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း စသည့်နိုင်ငံများသို့တင်ပို့ရောင်းချကြကြောင်း သိရပါသည်။

ရေထွက်ပစ္စည်းဈေးကွက်အတွင်း ဘုန်းကြီးကဏန်းကို Spanner Crab ဟုခေါ်ဆိုကြပြီး ပြည်ပဈေးကွက်သို့ အများဆုံးတင်ပို့ရသည့် ရေထွက်ကုန်ပစ္စည်းများတွင် ဘုန်းကြီးကဏန်းသည်လည်း တစ်ခုပါဝင်ကြောင်း ဈေးကွက်အတွင်းမှ သိရပါသည်။

## ဘုန်းကြီးကဏန်းစားဖွယ်စုံ

ဘုန်းကြီးကဏန်း(ခေါ်)ကဏန်းနီ၏ကိုယ်ထည်မှာ အချို့တွင် လူကြီးလက်ဖဝါးစာ အရွယ်လောက်ရှိကြပြီး တချို့မှာ လူမျက်နှာအရွယ်ခန့်ထိ အရွယ်အစားမျိုးစုံရှိကြပါသည်။ ဘုန်းကြီးကဏန်း၏ အသားသည် အလွန်ချိုသောကြောင့် လူကြိုက်များကြသည်။

ကဏန်းနီ ခေါ် ဘုန်းကြီးကဏန်းကို ပေါင်းစား၊ ကင်စား၊ ကဏန်းမဆလာချက်၊ ကဏန်းချဉ်စပ်၊ ကဏန်းထမင်းကြော်၊ ကဏန်းကော်ကြော်၊ အသားထွင်းပြီး ကြက်ဥနှံ့ကြော်စား၊ ပြုတ်ပြီး အချဉ်ရည်ဖြင့်တို့စား စသည်ဖြင့် ပြုလုပ်စားသုံးကြပါသည်။

## ဘုန်းကြီးကဏန်းစားသုံးခြင်းဖြင့် ရရှိနိုင်မည့် ကျန်းမာရေး အကျိုးကျေးဇူးများ

၁။ ဘုန်းကြီးကဏန်းတစ်ကောင်တွင် အသားနည်းနည်းသာပါသော်လည်း အသားဓာတ်(Protein)များကြွယ်ဝလှသည်။ ထိုအသားဓါတ်မှာ အရည်အသွေးမြင့်မားပြီး အမဲသား၊ ဆိတ်သားတို့ကဲ့သို့ အကြောများမပါဝင်သဖြင့် အစာကြေလွယ်ပြီး အသက်အရွယ်မရွေး စားသုံးနိုင် သည်။

၂။ ဘုန်းကြီးကဏန်းတွင် ဗီတာမင်ဓာတ်(Vitamin) နှင့် သတ္တုဓာတ်(Mineral)များစွာပါဝင်ပြီး အဆီဓာတ်နည်းကာ Omega- 3 ပါဝင်ပါသည်။ ပါဝင်သည့် Omega- 3 သည် အသီးနှံနှင့် ဆီများတွင် ပါဝင်တတ်သည့် သာမန် Omega- 3 မဟုတ်ဘဲ Long-chain Omega- 3 ဖြစ်သောကြောင့် ကျန်းမာရေးကို အထောက်အကူပြုပြီးစိတ်လှုပ်ရှားမှုပြင်းခြင်းကို တားဆီးပေးခြင်း၊ ကဏန်း ၁၀၀ ဂရမ်တွင် တစ်နေ့တာလိုအပ်သည့် Omega- 3 သုံးပုံတစ်ပုံ ပါဝင်သည်ဟု သိရပါသည်။

၃။ ဘုန်းကြီးကဏန်းတွင် Selenium ဓာတ်ပါဝင်ပြီး Selenium ဓာတ်မှာ ခန္ဓာကိုယ်ခုခံအားစနစ်တွင် အရေးပါသည့်နေရာမှ ပါဝင်ပြီး ဆဲလ်၊ တစ်သျှူးများ ထိခိုက်ခြင်းမှ အကာအကွယ်ပေးပါသည်။ ကဏန်းတွင် ပါဝင်သည့် Selenium ပမာဏမှာ အမဲသားတွင်ပါဝင်တာထက် ၁၂ ဆ ပိုများသည်ဟု သိရပါသည်။

၄။ ဘုန်းကြီးကဏန်းတွင် ဗီတာမင်

စာ-၉ သို့

# ဒေသနှင့်ကိုက်ညီပြီး လက်တွေ့ကျသည့် မွေးမြူရေးဆိုင်ရာ သုတေသန အကောင်အထည်ဖော်

**စိုက်**ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင် ၂၆ နှင့် ၂၇ ရက်နေ့များတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မွေးမြူရေး ဆိုင်ရာ သုတေသနစခန်းများ၊ ဌာနပိုင်သီးနှံမျိုးစေ့ထုတ်စိုက်ကွင်းများ အားကွင်းဆင်း စစ်ဆေးခြင်းနှင့် ပုဂ္ဂလိကစိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဒုတိယဝန်ကြီးသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ ပါလောပါကယ် ကျေးရွာအုပ်စုရှိ မွေးမြူရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးသုတေသနစခန်း ( ဆီဆိုင် )၌ ဆောင်ရွက်လျက်ရှိသည့် ဖြည့်စွက်သတ္တုတုံး (အာဟာရလျက်ဆားတုံး) (mineral block)တွင် သန်ချဆေး ရောနှောပြီး မွေးမြူရေး သိုးများကို ကျွေးမွေးခြင်းဖြင့် သန်ကောင်ရောဂါ နှိမ်နင်းနိုင်စွမ်းနှင့် ကြီးထွားနှုန်း အကျိုးသက်ရောက်မှု သုတေသနလုပ်ငန်း၊ တိရစ္ဆာန်အစာပင်များ၏အာဟာရ တန်ဖိုးများ သုတေသနနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သုတေသန လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသနှင့် ကိုက်ညီပြီး လက်တွေ့ကျသည့် မွေးမြူရေးဆိုင်ရာသုတေသန လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေး၊ ရရှိထားသည့် သုတေသန ရလဒ်များနှင့် လက်တွေ့အသုံးချနည်းပညာများအား ဒေသတွင်း မွေးမြူရေး တောင်သူများသို့ ဖြန့်ဝေအကျိုးပြုနိုင်ရန် ဆွေးနွေးမှာကြားသည်။

၎င်းနောက် ဘန်းယဉ်မျိုးသန့်ခြံ၏ အစေ့ထုတ်ပြောင်းမျိုးစေ့ထုတ် ဧက ၂၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံမျိုးများ စနစ်တကျ ထုတ်လုပ်ဖြန့်ဖြူး ရေး နှင့် ခေတ်မီစိုက်စနစ်များကို နည်းပညာပေးခြင်း၊ လက်တွေ့စိုက်ပျိုးသရုပ်ပြခြင်းများ ဆောင်ရွက်ရန်တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဘန်းယဉ်ကန် ရေဝင်ရောက်မှု၊ ရေပေးဝေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပုဂ္ဂလိကစိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုအားပေးခြင်းအနေဖြင့် ဟိုပုံးမြို့နယ်ရှိ မွေးမြူရေးတောင်သူ ဒေါ်လှလှ ၏ ဥစားကြက်မွေးမြူရေးခြံ ၏ ဥစားကြက်ကောင်ရေ ၂၀၇၉၀ မွေးမြူထားမှုနှင့် ဟိုပုံး မြို့နယ်၊ အသေးစားမွေးမြူရေးဇုန် ဖော်ထုတ်နေမှုအခြေအနေ များကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ်၊ ရှမ်းရိုးမမွေးမြူရေးဇုန်(၁)၌ မွေးမြူရေးတောင်သူ ၉၄ ဦး မွေးမြူလုပ်ကိုင်လျက်ရှိကြသည့် ဥစားကြက် အကောင်ရေ ၈၁၆၄၀၀ မွေးမြူထားရှိမှုနှင့် တရက်ပျမ်းမျှ ကြက်ဥ ၆၅၀,၀၀၀ ကျော် ထွက်ရှိမှု၊ ရှမ်း(အရှေ့)၊ ကယားပြည်နယ် နှင့် မန္တလေး၊ မကွေး၊ နေပြည်တော်၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်း ဒေသကြီးများသို့ ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ်၊ တောင်ပို့ကျေးရွာရှိ ဦးလှကျော် ငါးသားဖောက်စခန်း တွင် ငါးသားဖောက်ထုတ်လုပ်နေမှု နှင့် မျိုးငါးများ မွေးမြူထားရှိမှုတို့ကိုလည်းကောင်း၊ ဟဲဟိုးမြို့အနီးရှိ မျိုးချစ် နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ် ဖြန့်ဖြူးနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် မွေးမြူရေး အခြေခံလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာများကို သက်ဆိုင်ရာလုပ်ငန်းရှင်များ၊မွေးမြူရေးတောင်သူများနှင့် ဆွေးနွေး အကြံပြုခဲ့ပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် တောင်ကြီးမြို့နယ် ကျောက်နီ မွေးမြူရေးဇုန်တွင် ကျင်းပသည့် မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲတွင် ဆွေးနွေးအမှာစကားပြောကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။ဆက်လက်၍ ဇုန်အတွင်း မွေးမြူထားသည့် နို့စားနွားများကို ကြည့်ရှုစစ်ဆေးသည်။

တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းဝေးခန်းမ၌ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနအသီးသီးမှ အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ်၏ လယ်ယာ သား ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံတစ်ဧကချင်း၏ ပန်းတိုင်

စာ-၇ သို့

စာ-၈ မှ

ဘီ-တူး လည်းပါဝင်သောကြောင့် သွေးနီဥများ ထုတ်လွှတ်ဖို့အတွက် အရေးပါပြီး အရေပြား၊ မျက်လုံးနှင့် အာရုံကြောများအတွက် လိုအပ်သည့် သက်စောင့်ဓာတ်တစ်မျိုးလည်းဖြစ်ပါသည်။

၅။ ဘုန်းကြီးကဏန်းတွင် ကြေးနီ (Copper) ဓာတ်နှင့် ဖော့စ်ဖရိတ်စ်ဓာတ် (Phosphate) လည်း ပါဝင်ပြီး ကြေးနီးဓါတ်မှာ သွေးနီဥဖွဲ့စည်းတည်ဆောက်ပုံအတွက် အရေးပါပြီး ဖော့စ်ဖရိတ်စ်ဓာတ်မှာ ကျောက်ကပ်လုပ်ငန်းစဉ်၊ နှလုံးကြွက်သားနှင့် အစာခြေစနစ်အတွက် များများလိုအပ်သည့်ဓာတ်တစ်မျိုးဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်- အခွံမာရေနေသတ္တဝါ ဘုန်းကြီးကဏန်းများမှာ လူသားတို့အတွက် ကျန်းမာရေးအထောက်အကူလည်းပြု၊အရသာလည်း ထူးခြားကောင်းမွန်၊ ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်ထိပါ တင်ပို့နေရပြီး နှစ်စဉ် နိုင်ငံခြားဝင်ငွေရရှိစေသော ရေထွက်ကုန်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**



# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၁)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ်နှင့်သုတေသနများ (၇)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်

## (ဆ) မိုးလေဝသပညာ (Meteorology/Climatology)

ဤဘာသာရပ်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဘာသာရပ်ပေါင်းစုံ၊ ဌာနပေါင်းစုံ လိုအပ်သော ဘာသာရပ်ဖြစ်ပါသည်။ ကွယ်လွန်သွားသူ မိုးလေဝသပညာရှင် ဦးထွန်းလွင်၏ ပထမတွဲ့မှာ ရူပဗေဒ ဖြစ်သည်ဟု မှတ်သားမိပါသည်၊ မိုးလေဝသပညာရှင် - မင်းဂွတ်သီး - စုစုစ် (ဦးထွန်းလှအောင်) လည်းကွယ်လွန်သွားပါပြီ။

နိုင်ငံတကာမှာတော့ တက္ကသိုလ်အချို့မှာ မိုးလေဝသပညာ သီးသန့် (B.Sc. Meteorology) အနေနှင့်ဘွဲ့ပေးပါသည်။ သီးသန့်ဘွဲ့ မပေးသော်လည်း မိုးလေဝသ၊ ရာသီဥတုပညာ၊ စိုက်ပျိုးရေးမိုးလေဝသ (Agro-meteorology) စသည်တို့မှာ ဘာသာ ရပ်သီးခြားအနေနှင့် သင်ကြားပေးလျက်ရှိနေ ပါသည်။ စာရေးသူ ဩစတေးလျနိုင်ငံ၊ ကွင်းစလန်တက္ကသိုလ်၌ မဟာစိုက်ပျိုးရေး ပညာသင်တန်းတက်စဉ်က ဇီဝရာသီဥတု ပညာ (Bioclimatology) ဘာသာရပ်ကို သီးသန့် ဘာသာရပ်အနေနှင့် တက်ခဲ့ရဖူးပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောတက္ကသိုလ်များအတွက်တော့ ဇီဝဖြစ်စဉ်နှင့် ဆိုင်သောရာသီဥတုပညာ (Bioclimatology)၊ စိုက်ပျိုးရေး မိုးလေဝသပညာ (Agro-meteorology) တို့နှင့် သက်ဆိုင်လိမ့်မည်ထင်ပါသည်။ ဤဘာသာရပ်ကို ဌာန သီးသန့် မဟုတ်တောင်မှ ဘာသာရပ်တစ်ခုအနေနှင့် သီးသန့် သင်ကြား သုတေသနပြုပေးနိုင်ပါက အကျိုးရှိမည်ဟု ထင်မြင်မိပါသည်။

### Meteorology (မိုးလေဝသပညာ) ၏ အဓိပ္ပာယ်

မိုးလေဝသပညာ (Meteorology) ဆိုသည်မှာ ကမ္ဘာ့လေထုနှင့် မိုးလေဝသဖြစ်စဉ် များကို သိပ္ပံနည်းဖြင့် လေ့လာသည့်ဘာသာရပ် ဖြစ်သည်။ (The scientific study of the Earth's atmosphere, its physical processes, and phenomena, with a particular focus on understanding and forecasting the weather)။ဤဘာသာရပ်သည် အနာဂတ်အတွက် မိုးလေဝသအခြေအနေများကို ခန့်မှန်း ကြည့်ရှုရန် အဓိကထားသည်။

လေ့လာ သောအရာ များ/အချက်အလက်များ :အပူချိန်၊ မိုးရွာမှု၊ လေအရှိန်၊ စိုထိုင်းဆ၊ မိုးကြိုး၊ လျှပ်စီးလက်သံများ

ရည်ရွယ်ချက်: နေ့စဉ် သို့မဟုတ် သီတင်းပတ်အတွင်း မိုးလေဝသ ခန့်မှန်းချက် ပြုလုပ်ခြင်း ဖြစ်သည်။

### Climatology (ရာသီဥတုပညာ) ၏ အဓိပ္ပါယ်

ရာသီဥတုပညာ (Climatology) ဆိုသည်မှာ ဒေသအလိုက် ရာသီဥတု ပုံစံများကို ရာစုနှစ်အထိ တာရှည်ကြာမြင့်စွာ လေ့လာသည့် ဘာသာရပ် ဖြစ်သည်။ ယင်းသည် ရှည်လျားသောအချိန်အတွင်း (အနည်းဆုံး ၃၀ နှစ်)တည်ရှိနေသော ရာသီဥတုပုံစံများကို သိပ္ပံနည်းဖြင့် ဆန်းစစ်လေ့လာသည်။

ပါဝင်သောအရာများ: တာရှည်အပူချိန်ပြောင်းလဲမှုများ၊ ပျမ်းမျှမိုးရွာနှုန်းများ၊ မိုးခေါင်မှုနှင့် ရေကြီးမှုဇာတ်များ၊ ရာသီဥတုခွဲခြားထားသောဒေသများ (Climate Zones)၊ ကမ္ဘာကြီးပူနွေး လာမှု (Global Warming) စသည်တို့ ဖြစ်သည်။

ရည်ရွယ်ချက်: လေထု၏ ရာသီဥတုဆိုင်ရာ ရေရှည် ဖြစ်ပေါ်၊ ကျရောက်နိုင်သည့်ပုံစံများကို နားလည်ရန် ဖြစ်သည်။

မိုးလေဝသဘာသာရပ်များနှင့်ဆက်စပ်ဘာသာရပ်များမှာ -

(က) မိုးလေဝသပညာ (Meteorology)

(ခ) ရာသီဥတုပညာ (Climatology)

(ဂ) ဇလဗေဒ (Hydrology) ဥပမာ - မြစ်ချောင်းများရေကြီးနစ်မြုပ်မှု၊ ရေခမ်းခြောက်၍ ရေကြောင်းပို့ဆောင်ရေးအား စနစ်တကျညှိနှိုင်းကြားမှုကို လေ့လာခြင်း

(ဃ) ကမ္ဘာ့လေထုဆိုင်ရာသိပ္ပံပညာ (Atmospheric Science)

(င) ပထဝီပညာ (Geography)

(စ) ရူပဗေဒ (Physics)

(ဆ) သင်္ချာ (Mathematics) စသည်တို့ဖြစ်သည်။



မိုးလေဝသနှင့်ဆက်စပ်ဘာသာရပ်များ

ထို့အပြင် မြေသိပ္ပံဘာသာကြီးများ (Earth Sciences) ဖြစ်သော -

(ဇ) ဘူမိဗေဒ (Geology)

(ဈ) သမုဒ္ဒရာပညာ (Oceanography)

(ည) နက္ခတ္တဗေဒပညာ (Astronomy) တို့ကိုလည်း ဆက်စပ် လေ့လာရမည် ဖြစ်ပါသည်။

မိုးလေဝသနှင့်ရာသီဥတုကြိုတင်ခန့်မှန်းချက် (Weather's Fore-casting) ကြောင့် စစ်ရေး (Military)၊ သယ်ယူပို့ဆောင်ရေး (Transport)၊ ဆက်သွယ်ရေး (Communication)၊ လေကြောင်းပို့ဆောင်ရေးနှင့်ဆက်စပ်အရာများ(Aviation)၊ဆောက်လုပ်ရေး (Construction)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများ (Disaster Management) နှင့် နောက်ဆုံးစိုက်ပျိုးမွေးမြူရေးပညာ (Agriculture) များအထိ ထိရောက်စွာ အသုံးချနိုင်မှုက အရေးပါ လာပါသည်။

ထိုမှတစ်ဆင့် အသေးစိတ်၍ ဇီဝရာသီဥတုပညာ/ဇီဝမိုးလေဝသပညာဘာသာခွဲ (Bio-climatology/Biometeorology)၊ စိုက်ပျိုးရေးမိုးလေဝသပညာ ဘာသာခွဲ (Agro-meteorology/Agricultural Meteorology) စသည်တို့ လေ့လာသင်ယူ၊ သုတေသနပြုရန် လိုအပ်လာပါသည်။

### စာရေးသူ၏အတွေးတစ်စ

ပထမ လက်ရှိတက္ကသိုလ်တွင်ရှိနေသော အခြေခံသိပ္ပံဘာသာရပ်များ (Basic Sciences) ကို အဆင့်မြှင့်တင်ရန် လိုအပ်မည်ဟူ၍ အကြံပြုလိုပါသည်။ တက္ကသိုလ်များသည် လွတ်လပ်စွာ အုပ်ချုပ်မှုမရသေးသဖြင့် အခက်အခဲတော့ရှိနိုင်ပါသည်။ သို့သော် စာရေးသူ လက်ထက်ကလို အကြီးအကဲအဆင့်ဆင့်ကို နားလည်အောင်ရှင်းပြနိုင်ပါက ဘာသာရပ် အသစ်၊ ဖွဲ့စည်းပုံအသစ် ရရှိနိုင်ပါသည်။

(က) ပထမဦးဆုံး မိုးလေဝသဘာသာနှင့်ဆက်စပ် ဘာသာရပ်တစ်ခုဖြစ်သော ရူပဗေဒ (Physics) ဖြစ်ပါသည်။ စာရေးသူတို့ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ စိုက်ပျိုးရေး သုတေသန တက္ကသိုလ် (IARI – Indian Agricultural Research Institute)သို့ လေ့လာရေးခရီးသွား ရောက်ခဲ့စဉ်က တွေ့ရှိခဲ့ရသော စိုက်ပျိုးရေးဆိုင်ရာရူပဗေဒဌာနကြီး (Division of Agricultural Physics) အကြောင်းပါ။ ၁၉၄၅-ခုနှစ်ကစတင်တည်ထောင်ခဲ့သော ဤဌာနကြီးသည် အထူးပြုဘာသာရပ် ၄-ခုကို သင်ကြား၊ လေ့လာ၊ သုတေသနပြုလျက်ရှိနေပါသည်။ ၎င်းတို့မှာ -

(က-၁) မြေဆီလွှာရူပဗေဒ (Soil Physics)

(က-၂) အပင်ဇီဝရူပဗေဒ (Plant Biophysics)

(က-၃) ပတ်ဝန်းကျင်ဆိုင်ရာရူပဗေဒ (Environmental Physics) နှင့်

(က-၄) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မိုးလေဝသပညာ (Agricultural Meteorology) တို့ဖြစ် ပါသည်။

သုတေသနနယ်ပယ်များမှာ - စိုက်ပျိုးရေးဆိုင်ရာရူပဗေဒ (Agri-cultural Physics)၊ ရာသီဥတု ပြောင်းလဲမှု (Climate Change)၊ သီးနှံရာသီဥတုဆက်စပ်မှု (Crop Weather Relationship)၊ သီးနှံကြီးထွားပုံ-ပုံစံငယ်ပြုလုပ်ခြင်းနည်းပညာ (Crop Simulation Modelling)၊ ဇီဝနှင့်အပင်ရူပဗေဒ (Biophysics and Plant Physics)၊မြေဆီလွှာဆိုင်ရာ အချက်

စာ-၁၁ သို့



# စားတော်ပဲ အကောက်ခွန်မဲ့ တင်သွင်းခွင့် သက်တမ်းတိုးခြင်းသည် အိန္ဒိယပြည်သူတို့၏ အသက်မွေးမှုနှင့် နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံရေးကို ထိခိုက်စေနိုင်ကြောင်း သုံးသပ်

**အိ**န္ဒိယနိုင်ငံအစိုးရက မကြာသေးမီက စားတော်ပဲ (Yellow Pea) ၏ အကောက်ခွန်မဲ့ တင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးမြှင့်လိုက်ခြင်းသည် အိန္ဒိယပြည်သူ တို့၏ စားသုံးဆီကဏ္ဍတွင် တွေ့ကြုံခဲ့ရသည့် ဆိုးရွားသော အခြေအနေကို ထပ်မံဖြစ်ပေါ်စေနိုင်ပြီး အိန္ဒိယ တောင်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းနှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်စေနိုင်ကြောင်း ဆောင်းပါးရှင် TR Kandasamy က ယခုလ ၁ ရက်နေ့က Hindu Businessline ၌ သုံးသပ်ရေးသားဖော်ပြထားသည်။

လက်ရှိတွင် သုညရာခိုင်နှုန်းအခွန်ဖြင့် တင်သွင်းလျက်ရှိသော စားတော်ပဲများသည် အိန္ဒိယ နိုင်ငံ၏ ရိုးရာပဲမျိုးများဖြစ်သည့် ကုလားပဲ (Chana) နှင့် ပဲစင်းငုံ (Tur)တို့ကို တွန်းတွန်းတိုက်တိုက် ဖြင့် အစားထိုးနေရာယူလျက်ရှိကြောင်း။ အဆိုပါ တင်သွင်းလာသော စားတော်ပဲများ၏ ဆိပ်ကမ်းအရောက် ကုန်ကျစရိတ်မှာ ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃၅၀၀ သာရှိပြီး ၎င်းသည် အိန္ဒိယနိုင်ငံရှိ ပဲအများစု၏ ကြမ်းခင်းဈေး (Minimum Support Price- MSP) ၏ တစ်ဝက်မျှပင်မရှိ သဖြင့် အိန္ဒိယတောင်သူများ၏ ထွက်ကုန်များကို ယှဉ်ပြိုင်နိုင်စွမ်းမရှိစေဘဲ စီးပွားရေးအရ တွက်ခြေ မကိုက်ဖြစ်စေကြောင်း ဖော်ပြထားသည်။ စက်တင်ဘာလတွင် ကနေဒါနိုင်ငံမှ စားတော်ပဲသစ်များ ရောက်ရှိလာမည်ဟု မျှော်မှန်းထားသဖြင့် ဈေးနှုန်းများ ယခုထက် ပိုမိုကျဆင်းနိုင်ကြောင်း ၎င်းက ခန့်မှန်းထားသည်။

ပြည်ပမှ အကောက်ခွန်မဲ့ စားတော်ပဲများ ဆက်လက်ဝင်ရောက်မှုသည် တောင်သူများ၏ ပြည်တွင်းပဲထုတ်လုပ်မှုကို မလွဲမသွေ ထိခိုက်ပျက်စီးစေမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်ပင် ပြန်မရ နိုင်သော တောင်သူများသည် ပဲစိုက်ပျိုးခြင်းကို စွန့်လွှတ်ကြမည်ဖြစ်ပြီး ၎င်းသည် ကိုယ့်အားကိုယ် ကိုးနိုင်မှုတွင် ဆိုးရွားသော ကျဆင်းမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပြည်ပမှ တင်သွင်းမှုအပေါ် အလွန်အကျွံမှီခိုခြင်းသည် သမားရိုးကျ စီးပွားရေးကျဆင်းမှုထက် ပိုမိုကြီးမားသော အန္တရာယ်ကို ဆောင်ကြဉ်းလာကြောင်း၊ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ အဖြစ် အပျက်များက ပြသခဲ့သည့်အတိုင်း စားနပ်ရိက္ခာဖူလုံရေးသည် အမျိုးသားလုံခြုံရေးအတွက် အရေးကြီးဆုံးဖြစ်ကြောင်း ဆောင်းပါးရှင်က ဖော်ပြထားသည်။

စားတော်ပဲအပေါ် ကုလားပဲ၏ ကြမ်းခင်းဈေး (MSP) နှင့် ညီမျှအောင် သိသာထင်ရှားသော သွင်းကုန်ခွန် ချမှတ်ဆောင်ရွက်ခြင်းသည် ကာကွယ်ရေးဆိုင်ရာ အစီအမံတစ်ခုမျှသာမဟုတ် စိုက်ပျိုး ရေးဆိုင်ရာ စီးပွားရေးအခြေအနေကို ကာကွယ်ရန်၊ တောင်သူများကို စွမ်းပကားမြှင့်တင်ရန်နှင့် ပြင်ပ အားနည်းချက်များမှ နိုင်ငံ၏ ခံနိုင်ရည်ရှိမှုကို သေချာစေရန်အတွက် မဟာဗျူဟာမြောက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ကြောင်း အစိုးရအား အကြံပြုပြောကြားခဲ့သည်။

မကြာသေးမီက အိန္ဒိယဗဟိုအစိုးရသည် စားသုံးဆီအပေါ် တင်သွင်းခွန်ကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ရုံသာမက စားတော်ပဲအတွက် အကောက်ခွန်မဲ့ တင်သွင်းခွင့်ကာလကို လည်း သက်တမ်းတိုးမြှင့်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု၏ အကျိုးဆက်များ ကို ပြည်သူတို့ ခံစားနေရပြီး၊ ဟင်းသီးဟင်းရွက်ဆီသုံးစွဲမှု၏ ၆၅ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းမှု များဖြင့် ဖြည့်ဆည်းနေရသဖြင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း၊ ၁၉၉၀ ခုနှစ်မတိုင်မီက စားသုံးဆီတင်သွင်းမှုကို ကန့်သတ် ထားရှိခဲ့ရာ ပြည်တွင်းထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်းရှိပြီး ကျန် ၃၀ ရာခိုင်နှုန်းကိုသာ အစိုးရက တင်သွင်းကာ ပြည်တွင်း၌ ရောင်းချခဲ့ကြောင်း၊ ဆောင်းပါးရှင်က လက်ရှိ စားတော်ပဲတင်သွင်းမှု မူဝါဒကို စားသုံးဆီတင်သွင်းမှု မူဝါဒ အပြောင်းအလဲကြောင့် ပြည်တွင်းဈေးကွက်ကို ထိခိုက်ခဲ့ရသလို ထိခိုက်မှုရှိလာနိုင်သည့် အခြေအနေကို နှိုင်းယှဉ်ဝေဖန်သုံးသပ်ထားကြောင်း တွေ့ရှိရသည်။

ကောင်းထွဋ်အောင်

The Hindu Businessline, y, July 1, 2025.

---

စာ-၁၀ မှ

အလက်များ(Geo-informatics)၊ပထဝီအချက်အလက်နည်းစနစ် (GIS – Geographic Information Systems)၊ အပင်များအားအဝေးမှအာရုံခံခြင်းနည်းပညာ (RS – Remote Sensing)၊ သဘာဝဘေးဒဏ်စီမံခန့်ခွဲမှု (Disaster Management)၊ သီးနှံအထွက်ခန့်မှန်းစနစ် ပုံစံနည်းပညာ (Crop Yield Forecast Modelling)၊ အလွန်သေးငယ်သောမိုးလေဝသပညာ (Micro-meteorology)၊ နာနို နည်းပညာ (Nanotechnology)၊ ဒရုန်းနည်းပညာ (Drone Technology)၊ ဇီဝအာရုံခံ နည်းပညာများ (Biosensors) စသည်ဖြင့် ဘာသာရပ် ပေါင်းစုံ လင်လှပါသည်။

ဆိုလိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာရူပဗေဒပညာရှင်ပေါင်းစုံက စိုက်ပျိုးရေးပညာဖွံ့ဖြိုးတိုး တက်ရေးအတွက် တစ်နည်းတစ်လမ်းအားဖြင့် ထောက်ပံ့ကူညီနေကြခြင်းဖြစ်ပါသည်။ ဤ တက္ကသိုလ်တွင် စိုက်ပျိုးရေး အင်ဂျင်နီယာဌာနကြီး (Division of Agricultural Engineering) ကလည်း အင်ဂျင်နီယာပေါင်းစုံ ဌာနကြီးဖြစ်နေ၍ မိုးလေဝသပညာအတွက် အထောက်အကူ ပြုပေးနေပါသည်။ စိုက်ပျိုးရေးတက္ကသိုလ်အပါအဝင် မြန်မာနိုင်ငံ တက္ကသိုလ် အများစုမှာ ဘာသာရပ်စုံသင်ကြားပေးသောတက္ကသိုလ်များ (Comprehensive Universities) ဖြစ်ရန် ဖွဲ့စည်းပုံ ပြင်ဆင်ဆောင်ရွက်ရပါဦးမည်။

(မိုးလေဝသဆိုင်ရာဘာသာရပ်များအကြောင်း နောက်ဆောင်းပါးများတွင် ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်









စိုက်ပျိုးရေးမိုးလေဝသသင်ကြားသုတေသနပြုရာဌာန - IARI, India

### ဆန်

ယခုရက်သတ္တပတ်အတွင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်း ဆန်အသစ် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန် ဟောင်းအလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန် ၂၅ ရာခိုင်နှုန်းအကြမ်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၈၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၇၅၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းနှင့်အောက်စ တစ်အိတ်လျှင် ၆၁၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြသည်။ ယခင်လ၏ သတ်မှတ်ရည်ညွှန်း ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်းဆန်သစ် အလတ်စ တစ်အိတ်လျှင် ၂၀၀၀ ကျပ်နှုန်း ဈေးမြင့်လာခဲ့သည်။ ငစိန်ဆန်အလတ်စ တစ်အိတ်လျှင် ၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၂၀၀၀ ကျပ်နှုန်း ယခင်လထက်ဈေးနိမ့်ခဲ့သည်။ ရွှေဘိုဒေသထွက် ဆန်များမှာ သယ်ယူပို့ဆောင်မှု ခက်ခဲကြန့်ကြာခြင်း၊ ကုန်ကျစရိတ်မြင့်တက်ခြင်း၊ စပါးစိုက်ပျိုးမှုနှင့် အထွက်နှုန်းလျော့ခြင်း စသည့် အခြေအနေများကြောင့် စပါးဈေး၊ ဆန်ဈေးများ မြင့်တက်စေခဲ့သော်လည်း စားသုံးသူများမှ လိုအပ်သလောက်သာ ဝယ်ယူမှုရှိခြင်း၊ ဆန်ကြမ်းများနှင့် ရောနှောစားသုံးမှုများခြင်းကြောင့် အရောင်းအဝယ်အေးခြင်း စသည့်အခြေအနေများကြောင့် ရောင်းလိုအားများကာ အနည်းငယ်သာ ဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပ တင်ပို့ မှုရှိသော ဧည့်မထဆန်ဈေးနှုန်းများမှာ ယခင်လဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှု မရှိခဲ့သော်လည်း ပြည်ပတင်ပို့မှုသာရှိသော ငစိန်ဆန် အမျိုးအစားမှာမူ ကုန်သည်များမှ လိုအပ် သလောက်သာ ဝယ်ယူမှုရှိခြင်းနှင့် ပြည်ပပို့ဆန်ဈေးနှုန်းများ ကျဆင်းနေခြင်းတို့ကြောင့် ယခင် လ ရည်ညွှန်း




၂၆-၇-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

ဈေးနှုန်းထက် ဆန်တစ်အိတ်လျှင် ၂၀၀၀ ကျပ် ဝန်းကျင်ဈေးနိမ့်လာခဲ့ခြင်းဖြစ် သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းတို့မှ လည်း သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား ကားဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ကြောင်း သိရသည်။

### အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ အကောက်ခွန်လွတ်တင်သွင်းနိုင်သော ကာလဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲ၊ ကမ္ဘာ့ရွှေဈေးနှင့် ငွေကြေး အပြောင်းအလဲများကြောင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ သွင်းကုန်အခွန် တိုးမြှင့်မှုကို ချိန်ညှိနေသော နိုင်ငံများ၏ ဝယ်လိုအားလျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ မုန်တိုင်းနှင့် မိုးရွာသွန်းမှုများရှိခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံ၏ မြန်မာ့ ပြောင်း အခွန်ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူသည့်အစီအစဉ်မှာလည်း ဩဂုတ်လကုန်တွင် ကုန်ဆုံးမည်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အစေ့ထုတ်ပြောင်းများအားပြည်ပ ဝယ်လက် များမှ အရောင်းအဝယ်အေးကာ ဈေးနှုန်းများလည်း ဆက်လက်၍ ကျဆင်းလာခဲ့ရာ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၈၁၂၆၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၀၇၂၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဖွန်စတုတ္ထရက်သတ္တပတ်မှစတင်ကာ ဇူလိုင်လ၏ စတုတ္ထရက်သတ္တပတ်တိုင်အောင် ဈေးနှုန်းများ အပတ်စဉ် ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

### ပဲမျိုးစုံ

ပဲမျိုးစုံအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင်မတ်ပဲလက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ မိုးစိုက်မတ်ပဲဧရိယာများလျော့နည်းနေခြင်း၊ အိန္ဒိယဝယ်လက်များမှ ဝယ်ယူမှုရှိခြင်းတို့ကြောင့် မတ်ပဲ (သဘော်တင်) ဈေးနှုန်းများမှာ ယခင်အပတ်ထက်ဈေးမြင့်လာခဲ့သည်။ မတ်ပဲ (သဘော်တင်) တစ်တန်လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၉၉၁၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၃၀၁၅၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့သော်လည်း ကုန်သေတ္တာ ၉၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းသိရသည်။ ပဲစင်းငုံ (သဘော်တင်)မှာမူ မိုးစိုက်ပဲဧရိယာများလျော့နည်းခဲ့သော်လည်း အိန္ဒိယဝယ်လက်များမှ ဝယ်ယူမှုနည်းခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ကုန်သေတ္တာ ၅ လုံးခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲစင်းငုံ (သဘော်တင်) တစ်တန်လျှင် ယခုအပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၈၁၈၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၈၁၂၀၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ယခု ရက်သတ္တပတ်၏ ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်အတွင်း ကုန်သေတ္တာ ၁၀ လုံးခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ပဲတီရွှေဝါဈေးနှုန်းများမှာ ပြည်ပဝယ် လက်များမှ ဝယ်လိုအားနည်းခြင်းနှင့် ပြည်တွင်းလက်ကျန်နည်းလာချိန်ဖြစ်ခြင်းတို့ကြောင့် ယခင် အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ပဲတီရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၃၅၄၅၀ ကျပ်ဖြစ်သည်။ ထောပတ်ပဲ ၊ ပဲလွမ်းဖြူ၊ ဘိုကိတ်ပဲများမှာ အစိုက်နည်း၍ အထွက်နည်းသော ပဲအမျိုးအစားများဖြစ်ခြင်း၊ ပဲဟောင်းလက်ကျန်နည်းလာ ချိန်ဖြစ်ခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့် သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၆၃၁၀၀ ကျပ်ဖြစ်ပြီး ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၇၄၉၅၀ ကျပ်ဖြစ်သည်။ ဘိုကိတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၂၃၂၅၀၀ ကျပ် ဖြစ်သည်။အလားတူ ကုလားပဲနှင့်ပဲပုတ်ပဲမှာ ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်းနှင့် ပြည်တွင်း သုံးစွဲမှုသာရှိခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့ သည်။ ကုလားပဲ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၅၆၀ ကျပ် ဖြစ်ပြီး ပဲပုတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၅၇၄၅၀ ကျပ်ဖြစ်သည်။

### စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၀၅၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စားအုန်းဆီ တစ်ပိဿာလျှင် ၂၅ ကျပ် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင် အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။

**အေးသန္တာဝင်း**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၆-၇-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

မန္တလေးဈေးကွက်တွင် ရန်ကုန်ပေါ်ဆန်းမှာ မိုးစပါးစိုက်ချိန်ဖြစ်၍ တောင်သူ ထုတ်ရောင်းမှုရှိခြင်းကြောင့် ပင်ရင်းဈေးနိမ့်ခြင်း၊ နယ်ဝေးတင်ပို့ ရမှုမရှိဘဲ မြို့တွင်းသုံးသာရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်မှ ၁၂၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာ ရွှေဘိုဒေသတစ်ခုထဲမှ စိုက်ပျိုးခြင်းဖြစ်၍ အထွက်နည်းအဝင်နည်းခြင်းကြောင့် တစ်အိတ် ၁၅၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ နွေစပါးအဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးမှု ပုံမှန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၇၅၀၀၀ ကျပ်မှ ၇၈၀၀၀ ကျပ်သို့ ဈေး မသိမသာမြင့်သွားသည်။

ငစိန်ဆန်မှာ နွေစပါးဝင်ရောက်မှုရှိ၍ ပင်ရင်းဈေးနိမ့်ခြင်းကြောင့် အဝင်ပုံမှန် လုပ်ငန်းသမား၊ မုန့်သမားများ အဝယ်ပုံမှန်ရှိသော်လည်း တစ် အိတ် ၆၅၀၀၀ ကျပ်မှ ၆၂၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွား သည်။ ဇီယာ ဆန်မှာ နွေစပါးဝင်ရောက်မှုရှိခြင်းကြောင့် ပင်ရင်းဈေးနိမ့်ခြင်း၊ နယ်ဝေးတင် ပို့ရမှုနည်းပြီး မန္တလေးဝန်းကျင်မှ ဝယ်ယူမှုသာရှိခြင်းကြောင့် တစ်အိတ် ယခင်အပတ် ၉၀၀၀၀ ကျပ်မှ ၈၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ရှောမင်းဆန်မှာလည်း အသစ်များဝင်ရောက်မှုရှိခြင်း၊ အသစ်အား မြို့တွင်းစားသုံးမှုနည်းသေးခြင်းကြောင့် တစ်အိတ် အသစ်ဈေးဖြစ်၍ ၁၃၅၀၀၀ ကျပ်မှ ၁၂၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်/ ဆီဆန်)ဈေးနှုန်းမှာ ဆောင်းလက်ကျန်နည်း၍ မိုး မြေပဲစိုက်ပျိုးထားဆဲဖြစ်သော်လည်း ရာသီဥတု ကြောင့် လုပ်ငန်းသမား အ ဝယ်နည်းပြီး အရောင်းအဝယ်အေးခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၁၀၀ ပိဿာ၉၃၀၀၀ ၀ကျပ်မှ ၈၅၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေပဲ(ဆီ ဆန်)မှာလည်း ဆီစက်သမားအဝယ် နည်းခြင်း၊ အရောင်းအဝယ်အေးခြင်း ကြောင့် ၁၀၀ ပိဿာ အရည်အသွေးအကောင်းဆုံး ၈၈၀၀၀၀ ကျပ်မှ ၈၂၀၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူ(ရိုးရိုး)လုပ်ငန်းသမားအဝယ်နည်းခြင်း၊ နွေနှမ်းလှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ မိုးနှမ်းဝင်ချိန်နီးခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၃၈၀၀၀၀ ကျပ်မှ ယခု အပတ် ၃၀၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းညိုမှာ အသစ်ဝင်ချိန်နီး၍ လှောင်သမားထုတ် ရောင်းမှုရှိခြင်းကြောင့် ၄၅ ပိဿာ ၂၉၀၀၀၀ ကျပ်မှ ၂၇၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက် (စမုံ)မှာ အဝင်ပုံမှန်၊ လုပ်ငန်း သမားပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအညံ့ဆုံး ၈၀၀၀၀၀ ကျပ်မှ အကောင်းဆုံး ၈၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပန်းနှမ်းမှာ ပစ္စည်းရှားခြင်း၊ ဆီစက်သမား ရောဆီအတွက် အဝယ် ပုံမှန်ရှိခြင်း၊ ဘယဆေးသမားအဝယ် ရှိခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ ၃၀၀၀၀၀ ကျပ်မှ ၃၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

နေကြာဈေးနှုန်းမှာ မိုးနေကြာဝင်ချိန်နီးခြင်း၊ ဆီစက်သမားအဝယ် နည်းခြင်းကြောင့် ယခင်အပတ် ၂၇ ပိဿာ ၁၉၅၀၀၀ ကျပ်မှ ၁၈၅၀၀၀ ကျပ် သို့ ဈေးနိမ့်သွားသည်။

## စားပိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)မှာ ကျောက်ဆည်၊ ကူမဲတို့မှ ဝင်ရောက်မှုရှိ ခြင်း၊ နယ်ဝေး တင်ပို့ရမှုမရှိဘဲ မြို့တွင်းသုံးစွဲမှုသာရှိခြင်းကြောင့် တစ်ပိဿာ ၈၅၀၀ ကျပ်၊ စကာသီးတစ်ပိဿာ ၁၀၀၀၀ ကျပ်၊ ဧရာဝတီတိုင်းမှ ငရုတ် ခြောက်ပွ တစ်ပိဿာ အရည်အသွေးပေါ်မူတည်၍ ၁၄၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်၊ Ari.con ဖြင့် ထားသောအသီးတစ်ပိဿာ ၂၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ် နေသည်။

ကြက်သွန်နီမှာ မြစ်သားဘက်မှ မဝင်တော့ဘဲ နယ်စုံကြက်သွန် များ ရွှေဘို၊ မုံရွာ၊ မြင်းမူ၊ မြင်ခြံ၊ ထီးဆောင်း၊ စမြိတ်ခုံတို့မှ ဝင်ရောက်ပြီး ကြီး တစ်ပိဿာ ၁၄၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၁၀၀ကျပ်၊ သေးတစ် ပိဿာ ၁၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပန်း ဆက်သွယ်ရေးအရ ဝင်ရောက်မှု မမှန်ခြင်းကြောင့် ဈေးသာရှိ၍ အရောင်းအဝယ် ဖြစ်မှုနည်းနေသည်။ ကြက်သွန်ဖြူ(မြန်မာ) ရာသီ ကုန်ဖြစ်၍ အဝင်နည်း အရောင်းအဝယ်ဖြစ်မှုမရှိဘဲ ကြက်သွန်ဖြူ(ရှမ်း)တစ်မျိုးတည်းသာ အရည်အသွေး ပေါ် မူတည်၍ အညံ့ဆုံးတစ်ပိဿာ ၄၀၀၀ ကျပ်မှ အကောင်းဆုံး ၇၀၀၀ ကျပ် ဖြင့် ရောင်းဝယ်နေသည်။ အောင်ပန်း အာလူးတစ်မျိုးတည်းသာ ဝင်ပြီး မြို့တွင်းစားသုံးမှု ပုံမှန်ဖြစ်၍ အိုကေတစ်ပိဿာ ၄၀၀၀ ကျပ်၊ အေဝမ်း ၃၀၀၀ ကျပ် ဈေးရှိသည်။

ချင်းဈေးနှုန်းအနေဖြင့် အောင်ပန်းဘက်မှ ဝင်ရောက်ပြီး အခက် ကြီးအဝင်နည်းပြီး ဥမတစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းမှာ ရန်ကုန်ဝယ်လက်ရှိခြင်း ကြောင့် ကျောက်ရစ်ပဲ ၃တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အညာမတ်ပဲများ မှာ အရည် အသွေးပေါ်မူတည်၍ ၃တင်းတစ်အိတ် ၁၇၀၀၀၀ ကျပ်မှ အကောင်းဆုံး ၂၂၀၀၀၀ ကျပ်ဖြင့် ခွဲစက်သမား ဝယ် ယူမှုရှိသည်။

ပဲတီစိမ်း(အညာ)မှာ ရန်ကုန်ဝယ်လက်ရှိသော်လည်း မိုးပဲတီစိမ်း ဝင်ချိန်နီး၍ လှောင်သမားထုတ် ရောင်းမှုရှိခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၃တင်းတစ်အိတ် ၃၉၀၀၀၀ ကျပ်မှ ၃၆၀၀၀၀ ကျပ်သို့ ဈေး နိမ့် သွားသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ အဝင်ပုံမှန်၊ ရန်ကုန်သမား၊ ခွဲစက်သမား အ ဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၃တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၂၆၅၀၀၀ကျပ်၊ ပဲစဉ်းငုံ(ဖြူ) ၃တင်းတစ်အိတ် ၂၆၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ လုပ်ငန်းသမား၊ ဆီစက်သမားအဝယ် နည်းသော်လည်း ဆောင်းလက်ကျန် နည်းခြင်း၊ မိုးပဲမဝင်သေးခြင်းကြောင့် ပဲ ပုတ်(မြန်မာ) ၃တင်းတစ်အိတ် ၄၁၀၀၀၀ ကျပ်၊ ပဲပုတ်(ရှမ်း) ၂၆၅၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲ(လုံးဖြူကြီး/လုံးဝါကြီး)တို့မှာလည်း လုပ်ငန်းသမား ပဲ ကြော်/လှော်သမားအဝယ်ပုံမှန်ရှိခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိခြင်းကြောင့် လုံး ဖြူကြီး (၃)တင်းတစ်အိတ် ၂၆၁၀၀၀ ကျပ်၊ လုံးဝါကြီး ၂၄၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ လုံးဝါကြီးဈေးငြိမ်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိဿာ ၆၃၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်းမှာအရောင်းအဝယ်အေးခြင်း၊ ကြာဇံသမားအဝယ်နည်း ခြင်း ရှိသော်လည်း ပစ္စည်းရှားခြင်းကြောင့် ပဲယင်းသေး ၃တင်းတစ်အိတ် ၂၂၅၀၀၀ ကျပ်၊ ပဲယင်းကြီး ၂၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မြေ ထောက်ပဲမှာ လည်း လုပ်ငန်းသမား၊ ပဲကြော်သမားအဝယ်ပုံမှန်၊ အဝင်ပုံမှန်ရှိ ခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၃ တင်းတစ်အိတ် ၃၁၀၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ အထွက်နည်း၊ အဝင်နည်း၊ ပစ္စည်းရှားခြင်း၊ စားတော်ပဲ ယူကရိန်း အဝင်မရှိခြင်း၊ စားတော်ပဲ ကနေဒါမှာ လည်း ၃တင်းတစ်အိတ် ၅၅၀၀၀၀ ကျပ်ထိ ဈေးမြင့်နေခြင်း၊ လက်လီသမား အဝယ်ပုံမှန်ရှိခြင်းတို့ကြောင့် ပို၍ လူကြိုက်များသော စားတော်ပဲ(ကျွန်း)မှာ ၃တင်းတစ်အိတ် ၆၃၀၀၀၀ ကျပ်အထိ ဈေးမြင့်နေသည်။

ပဲကြီး(ကြီး)မှာ အဝေးတင်ပို့ရန် - ရန်ကုန်ဝယ်လက်ရှိခြင်း၊ အကြော် လှော်လုပ်ငန်းသမားများ ဝယ်ယူမှုရှိခြင်း၊ ဆောင်းလက်ကျန်နည်းပြီး မိုးပဲ မ ဝင်သေးခြင်းတို့ကြောင့် ၃တင်းတစ်အိတ်၊ ၃၃၀၀၀၀ ကျပ်မှ ၃၇၀၀၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။ ထောပတ်ပဲ(ကြီး) ပဲကြီး(သေး) တို့မှာ အရောင်းအဝယ် အေးခြင်းကြောင့် ပဲကြီး(သေး) ၃တင်းတစ်အိတ် ၃၁၀၀၀၀ ကျပ်၊ ထောပတ် ပဲ(ကြီး) ၃တင်း ၃၁၅၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

မန္တလေးကိုင်းတန်းဈေးတွင် ငရုတ်စိုဈေးနှုန်းအနေဖြင့် သာစည်၊ တပ်ကုန်း၊ မိတ္ထီလာတို့မှ ငရုတ်စို(ရှည်) ဝင်ရောက်ပြီး အဝင်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၆၀၀၀ ကျပ်၊ ပြင်ဦး လွင်မှ ငရုတ်စို (လတ်) တစ်ပိဿာ ၉၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ ပြင်ဦး လွင်မှ ပန်းဂေါ်ဖီတစ်ပွင့် ၁၀၀၀ကျပ်၊ ဂေါ်ဖီတစ်ထုပ် အရည်အသွေးကောင်း လာသဖြင့် ၁၂၀၀ ကျပ်၊ မုန်လာဥနီ တစ်ပိဿာ ၅၀၀၀ ကျပ်၊ ဂေါ်ရခါးသီး

စာ-၁၅ သို့

# ကန်စွန်းရိုးနီ

## သဘာဝကပေး အစာနှင့်ဆေး

ကြေးမုံငယ်



ယခုလိုရာသီ မိုးရွာတစ်လှည့်၊ နေသာတစ်လှည့် ရာသီဥတုဆိုလျှင် လမ်းဘေးဝဲယာတစ်လျှောက် ရေစပ်စပ် ရှိရာ နေရာတိုင်းမှာ ခရမ်းနီရောင် ခပ်ပွပွ ရိုးတံလေးတွေမှာ အစိမ်းရောင်တွင် ခရမ်းရောင် အနားကွပ်ထားသည့် ကန်စွန်းရိုးနီ ရွက်ညွှန့်လေးများက ကော့ညွတ်ဝေဖြာနေလိုက်တာ၊ ကန်စွန်းရိုးကို လက်လေးနှင့် ချိုးပြီး ခူးဆွတ်လိုက်လျှင် ထွက်ပေါ်လာသည့် တဖောက်ဖောက် အသံလေးက စည်းချက်လိုက်နေသလိုပင်။

တစ်နှစ်ပတ်လုံး အလွယ်တကူ ခူးဆွတ်စားသုံးမကုန်နိုင်သော၊ ဆေးဖက်အလွန်ဝင်သော ကန်စွန်းရိုးနီ၏ အင်္ဂလိပ် အမည်မှာ water spinach, kangkong ဟု ခေါ်ဆိုကြသကဲ့သို့ swamp morning glory ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒ အမည်မှာ Ipomoea aquatica Forsk ဟု ခေါ်ဆိုပြီး ကန်စွန်းမျိုးရင်းဝင်ဖြစ်သည့် Convo-lvulaceae တွင် ပါဝင်၏။

ကန်စွန်းရိုးနီသည် အရှေ့တောင်အာရှဒေသ အထူးသဖြင့် အိန္ဒိယနှင့် တရုတ်တို့တွင် မူလစတင်ပေါက်ရောက် ဖြစ်ထွန်း၏။ အာရှ၊ အာဖရိကနှင့် အနောက်တောင်ပိုင်းရှိ ပစိဖိတ်ကျွန်းစုများ၊ ဩစတြေးလျ မြောက်ပိုင်းတို့တွင်လည်း တွေ့ရှိရ၏။ ယခုနောက်ပိုင်းတွင် အရှေ့တောင်အာရှတိုက်၏ အပူပိုင်းဒေသများ၊ အထူးသဖြင့် အရှေ့အာရှနှင့် အိန္ဒိယ တိုက်ငယ်များတွင် တွင်ကျယ်စွာ စိုက်ပျိုးလာကြ၏။

ကန်စွန်းရိုးနီပင်သည် တစ်နှစ်ခံ သို့မဟုတ် နှစ်ရှည်ခံ ရေလျှောက်ပင်မျိုးဖြစ်၏။ ပင်စည်အရိုးမှာ အနီရောင် အပွဖြစ်သည့်အတွက် ကန်စွန်းရိုးနီဟု ခေါ်ဆိုကြ၏။ အပင်၏အဆစ်များမှာ အခေါင်းပိတ်ဖြစ်ပြီး ယင်းမှ အမြစ်များ ထွက်၏။ အရွက်မှာ ၃ - ၆ လက်မခန့်အရှည်ရှိပြီး သုံးထောင့်ပုံဖြစ်ကာ ရွက်လွှဲထွက်၏။ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းမှာ မြားသွားပုံသဏ္ဌာန်ရှိ၏။ ရွက်ညှာရှည်ပြီး ရွက်နားညီ၏။ ရွက်ပြားချောပြီး ပါးလွှာ၏။ အရွက်နားမှာ ခရမ်းရောင် သမ်း၏။ ပန်းပွင့်မှာ တစ်ပွင့်တည်းပွင့်တတ်ပြီး ခရမ်းဖျော့ရောင်ခေါင်းလောင်းပုံသဏ္ဌာန်ဖြစ်၏။ အသီးမှာ အချင်း လက်မဝက်ခန့်ရှိပြီး လုံးဝိုင်း၏။ အသီးရင့်မှည့်သည့်အခါ အက်ကွဲပြီး အစေ့ ၂ - ၄ စေ့ရှိပြီး ပိုးသားကဲ့သို့ အမွေးများရှိ၏။

ကန်စွန်းရိုးနီသည် အာဟာရဓာတ်ကြွယ်ဝစွာပါဝင်သော ဟင်းရွက်တစ်မျိုး ဖြစ်သည်။ သန့်ရှင်းလတ်ဆတ်သော ကန်စွန်းရိုးနီ ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၃၀ ကယ်လိုရီနှင့် အတူ အစိုဓာတ် ၉၀ ဒသမ ၆၃ ရာခိုင်နှုန်း၊ ပရိုတင်း ၂ ဒသမ ၉၀ ရာခိုင်နှုန်း၊ အမျှင်ဓာတ် ၁ ဒသမ ၄၈ ရာခိုင်နှုန်း၊ အဆီဓာတ် သုညဒသမ ၁၆ ရာခိုင်နှုန်း၊ ကာဘိုဟိုက်ဒရိတ် ၃ ဒသမ ၇၀ ရာခိုင်နှုန်းတို့ ပါဝင်၏။ ထို့အပြင် သတ္တုဓာတ်များ အနေဖြင့် ပိုတက်စီယမ်နှင့် သံဓာတ်တို့မြင့်မားစွာ ပါဝင်ခြင်းနှင့်အတူ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်နှင့် ဖော့စဖရပ်စ်တို့ အသင့်အတင့်ပါဝင်၏။ ထို့မှုသာမက ဆိုဒီယမ်၊ ကော့ပါး၊ မဂ္ဂနိစ်နှင့် ဇင့်ခ်တို့လည်း ပါဝင်၏။ ထို့မှုသာမက ကန်စွန်းရိုးနီတွင် ဗီတာမင်အေနှင့် စီတို့ ကြွယ်ဝစွာပါဝင်ပြီး ဗီတာမင် ဘီ1၊ ဘီ2၊ ဘီ6၊ ဘီ12 တို့ အသင့်အတင့်ပါဝင်၏။ ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ပေးစွမ်းနိုင်သည့် ဓာတ်တိုးဆန့်ကျင် ဂုဏ် သတ္တိများရှိသည့် ဖလေဗာနွိုက်နှင့် ဖီနောလ်တို့လည်း ကြွယ်ဝစွာပါဝင်၏။

အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများနှင့် အာဖရိကနိုင်ငံများတွင် ရိုးရာတိုင်းရင်းဆေးပညာရပ်အရ ကန်စွန်းရိုး နီကို လိပ်ခေါင်းရောဂါ၊ နှာခေါင်းသွေးလျှံခြင်းနှင့် သွေးဖိအားမြင့်တက်ခြင်းရောဂါတို့အတွက် ဆေးအဖြစ် အသုံးပြုကြ ၏။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည့် ကန်စွန်းရိုးနီတွင် အဏုဇီဝပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်း၊ သံကောင်၊ တုပ်ကောင်များကို တိုက်ဖျက်နိုင်စွမ်း၊ ဝမ်းချုပ်ခြင်းနှင့် ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်းမှ ကာကွယ်နိုင်ခြင်း၊ ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းမှ ဆန့်ကျင်နိုင်ခြင်း၊ အဖျားရောဂါများ၊ အသည်းရောင် အသားဝါအပါအဝင် အသည်း နှင့် ဆက်စပ်သည့်ရောဂါများမှ ကာကွယ်နိုင်ခြင်း၊ လည်ချောင်းနာခြင်းကို သက်သာစေခြင်း၊ အရေပြားရောဂါများ ဖြစ်သည့် ယားယံခြင်း၊ အဖုအပိမ့်ထွက်ခြင်း၊ အနီပိမ့်များ ထွက်ခြင်းတို့ကို သက်သာစေနိုင်ခြင်း၊ အာရုံကြော အားနည်း ခြင်းမှ ကာကွယ်နိုင်ခြင်း၊ ကင်ဆာရောဂါဖြစ်နိုင်ချေကို ဟန့်တားနိုင်စွမ်း၊ သတ္တုဆိပ်၊ ခဲဆိပ်သင့်မှုတို့မှ လျှော့ချပေးနိုင် စွမ်းနှင့် ဆီးချိုရောဂါ ဖြစ်ပွားနိုင်ချေမှ ကာကွယ်ပေးနိုင်စွမ်းတို့ရှိ၏။

- ပိုတက်စီယမ်အရင်းအမြစ်ကောင်းဖြစ်သည့် ကန်စွန်းရိုးနီသည် သွေးဖိအားကို မျှခြေအနေအထားရှိအောင် ထိန်းထား ပေးနိုင်၏။
- ကန်စွန်းရိုးနီတွင် သံဓာတ်ကြွယ်ဝစွာပါဝင်သည့်အတွက် သံဓာတ်ချို့တဲ့ခြင်းကြောင့်ခံစားရတတ်သည့် သွေးအားနည်းရောဂါ ဖြစ်ပွားခြင်းမှ ဟန့်တားပေးနိုင်စွမ်းရှိ၏။
- အရိုးနှင့် သွားများကြံ့ခိုင်ကျန်းမာရေးအတွက် ကယ်လ်စီယမ်ဓာတ် ကြွယ်ဝစွာပါဝင်သည့် ကန်စွန်းရိုးနီကို ပုံမှန်စားသုံး ပေးသင့်၏။
- ကန်စွန်းရိုးနီတွင်ပါဝင်သည့် ဗီတာမင်စီသည် စွမ်းအားမြင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်ပြီး ကိုယ်ခံစွမ်းအား စနစ်ကို အထောက်အပံ့ဖြစ်စေ၏။
- အမြင်အာရုံများကောင်းမွန်စေရန်နှင့် ကိုယ်ခံစွမ်းအားစနစ်၏ လုပ်ငန်းဆောင်တာများအတွက် ဗီတာမင်အေ ကြွယ်ဝစွာ ပါဝင်သည့် ကန်စွန်းရိုးနီက အထောက်အပံ့ကောင်းဖြစ်စေ၏။
- အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့် ကန်စွန်းရိုးနီသည် အစာခြေစနစ်၏ လုပ်ငန်းဆောင်တာကို အထောက်အကူပြု၏။
- ဗီတာမင် အေ၊ စီ၊ အီး၊ ဘီကွန်ပလက်စ်နှင့် သံဓာတ်တို့ကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် ဆံကေသာနှင့် ဦးရေပြားကျန်းမာ ရေးအတွက်လည်း အထောက်အပံ့ကောင်းများ ရရှိစေနိုင်၏။

မြန်မာ့ဆေးကျမ်းများအလိုအရ ကန်စွန်းရိုးနီသည် အေး၏၊ နို့ရည်ကို ဖြစ်စေ၏၊ ရေငွေ့ဖြစ်သောပိုးများကို ပယ်တတ် ၏။ လေ၊ သလိပ်ကို ဖြစ်စေ၏၊ အဆိပ်ကိုပြေစေ၏၊ အရွက်ရည်သည် မီးလောင်နာ၊ ဆီးနှင့် ပတ်သက်သော ရောဂါနှင့် အပူလောင်ခြင်းတို့ကို ပျောက်ကင်းစေ၏။

ကန်စွန်းရိုးနီသည် ရေစပ်စပ်ရှိသည့် နေရာများ၊ ရေမြောင်းရေကန်များ၊ စပါးခင်းများအကြားတွင် အလေ့ကျ ပေါက်တတ်သကဲ့သို့ အိမ်ခြံဝင်းထဲတွင်လည်း စိုက်ပျိုးထားနိုင်၏။ ယခုလိုမိုးရာသီတွင် အညွှန့်လေးများ၊ အရွက်နုလေး များ ဝေဖြာနေကြ၏။ စားချင်သည့်အချိန် အလွယ်တကူ ဆွတ်ခူးလိုက်ရုံပင်။

- ကန်စွန်းရိုးနီ၏ အညွှန့်၊ အရွက်နုလေးများကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောပြီးဖြစ်စေ၊ မန်ကျည်းမှည့်နှင့် ပြုတ်ပြီးဖြစ်စေ ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ခရမ်းချဉ်သီးထောင်း၊ ခရမ်းချဉ်သီးပန်တွေဖျော်၊ ငရုတ်သီးထောင်း၊ ငါးပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- မန်ကျည်းမှည့်နှင့် ပြုတ်ပြီးသား ကန်စွန်းရိုးနီညွှန့်လေးများကို နှစ်သက်သလို လှီးဖြတ်ပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ ငရုတ်သီးအလှော်ထောင်းတို့နှင့် သမအောင် ရောနယ်ပေးပါ။ အနံ့ အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်သည့်အပြင် အိမ်ရှင်မတို့ ထမင်းဝိုင်းအတွက် ဟင်းတစ်မယ်တိုးစေ၏။
- ကန်စွန်းရိုးနီကို မန်ကျည်းသီးမှည့်၊ မုန့်လုပ်ထန်းလျက်တို့နှင့် ရောပြီး ရေဖြင့်ပြုတ်ကာ အဖတ်ကိုဆယ်ပြီး တို့စရာ အဖြစ်လည်းကောင်း၊ အသုပ်အဖြစ်လည်းကောင်း လုပ်စားနိုင်၏။ ပြုတ်ရည်ကို စစ်ပြီး ဆေးအဖြစ်သောက်သုံးနိုင်၏။ သွေးသားသန့်စင်ခြင်း၊ ကိုယ်ခန္ဓာအတွင်းမှ အပူများကို ကျစေခြင်း၊ ကိုယ်တွင်းအဆိပ်ပြေစေခြင်း၊ အသားအရေကြည်



လင်စေခြင်းနှင့် ဆံကေသာကျန်းမာစေခြင်း အစရှိသည့် အကျိုးကျေးဇူးကောင်းများကိုလည်း ရရှိစေနိုင်၏။
- ကန်စွန်းရိုးနီကို ငါး/ပုစွန်/ပုစွန်ခြောက် စသဖြင့် နှစ်သက်ရာ ဟင်းခပ်လေးနှင့် ချဉ်ရည်ဟင်းချက်၊ ငရုတ်သီး ဆားထောင်းလေးနှင့် ထမင်းမြိန်စေ၏။
- ကန်စွန်းရိုးနီကို ပါးပါးလှီးထားသောမျှစ်ချိုးနှင့် ဇရစ်ရိုးနှင့်အတူ နှစ်သက်ရာ ကင်ပွန်း/မန်ကျည်း/

စာ-၁၅ သို့

ကျောဖုံးမှ-

စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်းစသည်ဖြင့် စိုက်ပျိုးရေး နည်းစနစ်များအား ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးမှ ထွက်ရှိသော အပင်အကြွင်းအကျန်များအား သဘာဝမြေဆွေး ပြုလုပ်ခြင်း၊ ရိုးပြတ်များအား ထယ်မှောက်၍ ဆွေးမြေ့စေခြင်း၊ နောက်သီးနှံများ၏ အပင်ခြေ တွင် အပင်အကြွင်းအကျန်များအား မြေဖုံးပေးခြင်းနှင့် ထွန်ယက်မှုကို တတ်နိုင်သမျှ လျှော့နည်းစေခြင်း အစရှိသည့် လုပ်ငန်းများကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

ထိုကဲ့သို့ပြုမူဆောင်ရွက်ခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချနိုင် ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူပြုစေနိုင်မည် ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာထိုင်း နယ်နမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေ ရှင်းဆောင်ရွက်ရေးကော်မတီတွင် ပါဝင်ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်လျက်ရှိသော နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက် ရှိပါသည်။

## ပြန်၍အသုံးပြုခြင်း

ဒုတိယနည်းလမ်းဖြစ်သော ပြန်၍အသုံးပြုခြင်းတွင် စိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိလာ သော တိရစ္ဆာန်အညစ်အကြေး စွန့်ပစ်ပစ္စည်းများ၊ ပဲရိုး၊ ပဲမှော်၊ ကောက်ရိုးအစရှိသော သီးနှံ အကြွင်းအကျန်များအား စိုက်ခင်းအတွင်း ပြန်လည်ထည့်သွင်းအသုံးပြုခြင်း၊ ကောက်ရိုးများ ကို အသုံးပြု၍ မှိုစိုက်ပျိုးခြင်း၊ တီမွေးမြူခြင်းစသည်တို့အပြင် မြေဖုံးပစ္စည်းများအဖြစ် အသုံးပြုခြင်းစသည့် နည်းလမ်းများလည်းပါဝင်ပါသည်။

လယ်ယာထွက်ပစ္စည်းများအပြင် စိုက်ခင်းများအတွင်းသို့ ရေသွင်းရာမှ စီးဆင်းလာ သည့်ပိုလျှံရေများ၊ ရေထုတ်မြောင်းများအတွင်းရှိ ပိုလျှံရေများကို ပြန်လည်အသုံးပြုခြင်းဖြင့် ရေကိုအကျိုးရှိထိရောက်စွာအသုံးပြုလာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အညာဒေသကဲ့သို့သော ပူပြင်းခြောက်သွေ့၍ ရေရှားပါးသော အရပ်များ၌ ရေစုကန်၊ ရေစုကျင်းများ တူးဖော်၍ မိုးရေကို စနစ်တကျစုဆောင်းခြင်းဖြင့် မြေဆီလွှာတိုက်စားခြင်းများကို လျှော့ကျစေပြီး ရေအရင်းအမြစ် များကို ထိန်းသိမ်းနိုင်မည်ဖြစ်ရုံသာမက အဆိုပါရေများကို ဖြည့်စွက်ရေအဖြစ် ပြန်လည်အသုံး ပြုခြင်းဖြင့် သီးနှံများ အထွက်တိုးလာနိုင်ပါသည်။

တောင်သူများအနေဖြင့် ဖော်ပြပါနည်းလမ်းများကို လုပ်ဆောင်ပါက မိမိတို့၏ စိုက်ပျိုးမြေတွင် မြေဆီဩဇာကြွယ်ဝကောင်းမွန်စေပြီး အကျိုးပြုအဏုဇီဝသက်ရှိများ၏ ရှင်သန်ပေါက်ပွားမှုကို မြှင့်တင်ပေးနိုင်ပါသည်။ သီးနှံအကြွင်းအကျန်များကို ကောက်ရိုးမှိုများစိုက်ပျိုးခြင်း၊ တီကျစ်မြေဩဇာများထုတ်လုပ်ခြင်းအားဖြင့်လည်း တစ်ဖက်တစ်လမ်းမှ တောင်သူဝင်ငွေ ရရှိ နိုင်ပါသည်။

## ပြန်လည်ပြုပြင်၍ အသုံးပြုခြင်း

တတိယနည်းလမ်းအနေဖြင့် သီးနှံအကြွင်းအကျန်များကို ပုံစံပြောင်းပြုပြင်ပြီး ပြန်လည် အသုံးပြုခြင်းဖြစ်ပါသည်။ စပါးခွံ၊ ကောက်ရိုးအစရှိသည်တို့ကို အသုံးပြု၍ ဇီဝမီးသွေး၊ ဇီဝအခုတ်ခဲများ၊ အီးအမ်ဘိုကာရှိမြေဆွေး၊ သဘာဝမြေဩဇာများအဖြစ် ပြန်လည်ပြုလုပ်အသုံးပြုခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုကို သက်သာစေသည့်အပြင် အပိုဝင်ငွေရရှိနိုင်ခြင်းအစရှိသည့် အကျိုး ကျေးဇူးများကို ရရှိနိုင်ပါသည်။

ထို့ပြင် အိမ်မွေးတိရစ္ဆာန်စွန့်ပစ်အညစ်အကြေးများကို ဇီဝဓာတ်ငွေ့များထုတ်လုပ်သုံးစွဲခြင်းပြုလုပ်ပြီး ဘေးထွက်ပစ္စည်းများကို စိုက်ခင်းများသို့ ပြန်လည်ထည့်သွင်းခြင်းများဖြင့် မြေ ဆီလွှာ၏ အရည်အသွေးကို တိုးတက်စေရုံသာမက လျှပ်စစ်မီးရရှိခြင်းဖြင့် ကျေးလက်ဒေသ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း အထောက်အပံ့ပေးနိုင်ပါသည်။

## ရေရှည်တည်တံ့စေရန်

စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် လက်ရှိကာလာတွင်သာမက ရေရှည်တွင် မိမိတို့၏ အနာဂတ်မျိုးဆက်များ စားရေးရိက္ခာဖူလုံရေးအတွက်ပါ မျှော်မှန်းပြီး မြေဆီလွှာကျန်းမာရေး နှင့်ရေအရင်းအမြစ်များကို ထိန်းသိမ်းရန်အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ လိုအပ်ပါသည်။

အချုပ်ဆိုရသော် လျှော့ချခြင်း၊ ပြန်၍အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်၍ အသုံးပြုခြင်း ဟူသော နည်းလမ်းသုံးသွယ်ကိုအခြေခံသော မြေဆီလွှာအာဟာရဓာတ်ကြွယ်ဝရေး နည်းစနစ်များကို အသုံးပြုလုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးသမျှ အောင်မြင်စွာထုတ်လုပ်ရောင်းချနိုင်ပြီး "မြေကြီးမှရွှေသီးစေရန် လုပ်ဆောင်ကြပါစို့"ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**သန္တာညီ(Land Use)**

စာ-၁၄ မှ

ချဉ်ပေါင်ရွက်တို့နှင့်အတူ ရောပြီး ဟင်းလျော်/ စပ်ချဉ်ချက်/ ကြော်ခြင်းစသဖြင့်လည်း ချက်တတ်ကြ၏။

ယနေ့ခေတ်ကာလ လူနေမှုစနစ် တိုးတက်ပြောင်းလဲလာခြင်း၊ စက်မှု ထွန်းကားလာခြင်းတို့ကြောင့် စက်ရုံအလုပ်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်များ၊ ဂေဟစနစ်များ တဖြည်းဖြည်းချင်း ယိုယွင်းပျက်စီးလာကြ၏။ ဆေးရုံဆေးခန်းများမှ စွန့်ပစ်ရေဆိုးများ၊ အလုပ်ရုံစက်ရုံများမှ ထွက်ရှိသည့် ရေဆိုးရေညစ် များကြောင့် ရေထုညစ်ညမ်းမှုဖြစ်လာ၏။ ကန်စွန်းရိုးနီသည် ရေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်ခြင်းအပြင် သဘာဝ တွင်းထွက်ဖြစ်သည့် ခဲနှင့် ခရိုမီယမ်ကဲ့သို့သော သတ္တုများကို





စုဆောင်းနိုင်ခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းစဉ်အတွက် ရည်ရွယ်စိုက်ပျိုးလာကြ၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန်ကန်စွန်းရိုးနီပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ၏ ဂေဟစနစ်ကောင်းမွန်ရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထွန်းကားရေးတို့ကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**

■

စာ-၁၃ မှ

တစ်လုံး ၄၀၀ ကျပ်ဖြင့် မြို့တွင်းလက်လီသမားနှင့် စားသောက်ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။

သစ်သီးဝလံဈေးနှုန်းအနေဖြင့် ချောင်းဦးမှ ဖရဲသီးများ အဝင်များပြီး တစ်လုံး ၃၅၀၀ ကျပ်၊ သင်္ဘောသီး ၂လုံး တစ်ထုပ် ၃၅၀၀ ကျပ်၊ ထောပတ်သီး ၁၂၀ လုံးပါ ပိုက်အိတ်တစ်အိတ် ၅၀၀၀၀ ကျပ်၊ မန္တလေးဝန်းကျင်မှ သခွားမွှေးများ အဝင်များခြင်း၊ အရည်အသွေး ကောင်းခြင်းကြောင့် တစ်လုံး အရည်အသွေးပေါ်မူတည်၍ ၃၀၀၀ ကျပ်မှ ၄၀၀၀ ကျပ်၊ သီပေါ နာနတ်များ အဝင်များသော်လည်း လမ်းပမ်းဆက်သွယ်ရေးကြောင့် တစ်လုံး ၁၂၀၀ ကျပ်၊ နဂါး မောက်သီးတစ်လုံး ၁၀၀၀ ကျပ်ဖြင့် ပြင်ဦးလွင်၊ ရွှေဘို၊ မုံရွာ၊ ကျိုက်ထိုနှင့် အမှာရှိသော မြို့များသို့ တင်ပို့သည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်း

ငါန်းဇွန်၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို ဂျုံများမှာ အဝင်ပုံမှန် ဂျုံစက်များ၊ အဝယ်ပုံမှန်ရှိခြင်း ကြောင့် ၃တင်းတစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၂၃၀၀၀၀ ကျပ် မှ ၂၄၀၀၀၀ ကျပ်၊ ရှမ်းဂျုံ ၂၁၅၀၀၀ ကျပ်၊ ကလေးဂျုံ ၂၁၀၀၀၀ ကျပ်၊ အထွက်တိုးဂျုံ ၂၀၅၀၀၀ ကျပ်တို့ဖြင့် ဈေးတည်ငြိမ်နေသည်။ ဩစတြေးလျဂျုံမှုန့်မှာလည်း အဝင်ပုံမှန်၊ မုန့်လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၈၅၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ဆောင်းပြောင်းလက်ကျန်လှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ မိုးပြောင်း ဝင်ချိန်နီးခြင်း၊ အစာစပ်သမား အဝယ်နည်းခြင်းတို့ကြောင့် ၃တင်းတစ်အိတ် ၉၁၀၀၀ ကျပ်မှ ၈၇၀၀၀ ကျပ် သို့ ဈေးနိမ့်သွားသည်။

**ခင်မေကြည်**

Agribiz News www.agribiznews.com.mm သတင်း

# မြေကြီးကရွှေသီးစေရန် မြေဆီလွှာအာဟာရကြွယ်ဝဖို့ ကြိုးပမ်းလုပ်ဆောင်စို့








သန္တာညီ(Land Use)

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် လယ်ယာမြေများအားလုံး သည် မြေဆီဩဇာထက်သန်ပြီး အာဟာရဓာတ်ကြွယ်ဝနေရမည်ဖြစ်ပါသည်။ စိုက်ပျိုးမြေဆီလွှာသည် အပင်များရှင်သန်ကြီးထွားမှုအတွက် အဓိက မရှိမဖြစ် လိုအပ်သော ရေနှင့်အပင်အာဟာရဓာတ်များကို ပေးဆောင်သည့် သတ္တုဓာတ်၊ မြေဆွေးဓာတ်၊ ရေ၊ လေတို့ဖြင့် ဖွဲ့စည်းထားသော ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ အပေါ်ယံဆုံးအလွှာပါးလေးဖြစ်ပါသည်။ မြေဆီလွှာသည် ရေကို ထိန်း ညှိပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းလုပ်ငန်းများမှ ထွက်ရှိလာသော အန္တရာယ်ရှိ စေနိုင်သည့် ဓာတ်ကြွင်းများနှင့် လေထုညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်းနှင့် စစ်ထုတ်ပေးနိုင်ခြင်း၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်စ်နှင့် အခြားအာဟာရဓာတ်များစွာကို မြေဆီလွှာထဲတွင် သိမ်းဆည်းပေးနိုင်ခြင်းစသည့် အရေးပါသော လုပ်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးသည်။ ထို့ကြောင့် သက်ရှိဂေဟာစနစ်တွင် အပင်များ၊ လူသားများနှင့်တိရိစ္ဆာန်များ ရေရှည် တည်တံ့နေစေရန်အတွက် မြေဆီလွှာ၏အရည်အသွေးနှင့် အာဟာရကို ကောင်းမွန်စေရေး ထိန်းသိမ်းထားရန် အထူးလိုအပ်ပါသည်။

လျင်မြန်စွာတိုးတက်လာသော လူဦးရေအတွက် စားရေရိက္ခာလုံလောက်စွာ ထောက်ပံ့နိုင်ရန် မြေဆီလွှာကိုအနားမပေးဘဲ စိုက်ပျိုးလာခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေ ဩဇာအစရှိသော ဓာတုသွင်းအားစုများကို လိုအပ်သည်ထက် ပိုမို၍ အလွန်အကျွံသုံးစွဲမိခြင်း တို့ကြောင့် မြေဆီလွှာအရည်အသွေးနှင့်အာဟာရဓာတ်စွမ်းအားကျဆင်းလျက်ရှိပါသည်။ မြေဆီလွှာ ရေရှည်တည်တံ့ကောင်းမွန်စေရန်နှင့် မြေဆီလွှာအဆင့်အတန်း ကျဆင်းလာခြင်းများကို အချိန်မနှောင်းမီ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ အပင်အာဟာရဓာတ်ဆိုင်ရာ ဘက်စုံစီမံမှု နည်းစနစ်များကို လိုက်နာကျင့်သုံးရန် လိုအပ်လာပါသည်။

## ဘက်စုံအပင်အဟာရဓာတ်ဆိုင်ရာကြွယ်ဝရေး

သီးနှံအထွက်နှုန်းတိုးစေရန် တောင်သူအများစုသည် ဓာတ်မြေဩဇာများကိုသာ အားပြု ထည့်သွင်းအသုံးပြုလေ့ရှိပြီး မြေဆီလွှာကျန်းမာရေးအတွက် မြေဆီလွှာကို ပြုပြင်ထိန်းသိမ်းမှု များလွန်စွာအားနည်းနေပါသေးသည်။ ဓာတ်မြေဩဇာဆိုသည်မှာ အပင်အတွက် ၎င်းဓာတ်မြေဩဇာတွင် ပါဝင်သည့် အာဟာရဓာတ်ကိုသာ ပေးနိုင်စွမ်းရှိပြီး အသုံးပြုသည့် နှုန်းထားမှန်ကန်ခြင်းမရှိပါက ကောင်းကျိုးထက်ဆိုးကျိုးများစွာဖြစ်စေနိုင်သည့်အပြင် ရေရှည်တွင် မြေနှင့်ရေ သယံဇာတများကို ထိခိုက်ပျက်စီးစေပါသည်။ ဘက်စုံအပင်အာဟာရဓာတ်ဆိုင်ရာ စီမံမှုဆိုသည်မှာ မြေဆီလွှာ၏ အရည်အသွေးနှင့်အပင်အာဟာရဓာတ်ပံ့ပိုးမှုများကို အကောင်းမွန်ဆုံး ထိန်းသိမ်းနိုင်ရန် အပင်အာဟာရအရင်းအမြစ်အမျိုးမျိုးကို ပေါင်းစပ်၍ မှန်ကန်ကောင်းမွန်စွာဆောင်ရွက်သောနည်းစနစ်များကို ဆိုလိုပါသည်။ အဓိကအားဖြင့် မြေဆီလွှာ၏ အရည်အသွေးများဖြစ်သော လေဝင်လေထွက်ကောင်းမွန်မှု၊ ဖွဲ့စည်းတည်ဆောက်မှု၊ အပင်အာဟာရဓာတ် အမျိုးမျိုးနှင့်ရေထိန်းသိမ်းနိုင်မှုများကို မြှင့်တင်ပေးနိုင်သည့်အပြင်လေထုထဲသို့ ဖန်လုံအိမ်ဓာတ် ငွေ့ထုတ်လွှတ်မှုကိုလည်း လျှော့ချပေးနိုင်ပါသည်။ ဘက်စုံအာဟာရဓာတ်ကြွယ်ဝစေရန်ဆောင်ရွက်ရာတွင် (၁) လိုအပ်သည့်ပမာဏကိုသာ သုံးစွဲခြင်း၊ (၂) ပြန်၍အသုံးပြုခြင်းနှင့်၊ (၃) ပြန်လည်ပြုပြင်၍ အသုံးပြုခြင်းဟူသော နည်းလမ်းသုံးသွယ်ဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်ပါ သည်။

## လိုအပ်သည့်ပမာဏအားသုံးစွဲခြင်း

ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးဦးစီးဌာနမှ အတည်ပြုထောက်ခံသော ပမာဏကိုသာ ထည့်သွင်းပြီး လွန်ကဲစွာသုံးစွဲခြင်းကိုလျှော့ချသွားသင့်ပါသည်။ ဓာတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းဖြင့်မြေဆီလွှာ၏ဖွဲ့စည်းပုံနှင့် မြေဆီလွှာ အာဟာရဓာတ်ပမာဏ မညီမျှမှုကို ဖြစ်ပေါ်စေရုံသာမက မြေဆီလွှာ၏ ထုတ်လုပ်နိုင်မှုစွမ်းအားနှင့်အရည်အသွေးကိုပါထိခိုက်စေ နိုင်ပါသည်။ အကျိုးဆက်အနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် အကျိုးအမြတ်များ ကျဆင်းသွားကာ သဘာဝပတ်ဝန်းကျင်ဂေဟာစနစ်ကိုပါထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ဓာတ်မြေဩဇာ အသုံးပြုရာတွင် လိုအပ်သည့် အတိုင်း အဆထည့်သွင်း၍ လွန်ကဲသည့်ပမာဏကို လျှော့ချနိုင်ရန် မြေဆွေးများ၊ သီးနှံအကြွင်းအကျန်များ၊ သဘာဝမြေဆွေးများ၊ ကောင်းမွန်စွာဆွေးမြေ့နေ သောနွားချေး၊ ကြက်ချေးကဲ့သို့သော တိရိစ္ဆာန်အညစ်အကြေးများနှင့် ဇီဝမြေဩဇာများကိုတွဲဖက်အသုံးပြုခြင်းဖြင့် မြေဆီလွှာ၏ကျန်းမာရေးကို မြှင့်တင်နိုင်ပြီး သီးနှံအထွက်နှုန်းကို ပိုမို တိုးတက်စေနိုင်ပါသည်။

ထို့အပြင် အခြားသောစိုက်ပျိုးရေးစနစ်များဖြစ်သော သီးလှည့်စိုက်ပျိုးခြင်းနှင့် ပိုက်ဆံလျှော်၊ ညံပင်ကဲ့သို့သော သစ်စိမ်းမြေဩဇာများပြုလုပ်သုံးစွဲခြင်း၊ မြေဖုံးပင်များစိုက်ပျိုးခြင်း အစရှိသော အလေ့အကျင့်ကောင်းများကိုလည်း လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ အပင်မှ အမှန်တကယ်လိုအပ်သောအာဟာရဓာတ်များကို ညီမျှစွာထည့်သွင်းနိုင်ရန်အတွက် မြေဆီလွှာ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ၊ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစမ်းသပ်နိုင်သဖြင့် တောင်သူများအနေဖြင့် မြေနမူနာများနှင့် အပင်နမူနာများရယူ၍ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို အလေ့အကျင့်ကောင်းတစ်ခုအဖြစ် မဖြစ်မနေဆောင်ရွက်စေလိုပါသည်။

မှားယွင်းသည့် စိုက်ပျိုးရေးနည်းစနစ်များဖြစ်သော ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မြေယာပြုပြင်ရန် ရိုးပြတ်များအားမီးရှို့ခြင်း၊ ရိတ်သိမ်းခြွေလှေ့ စက်အသုံးပြုမှုများလာသဖြင့် ကောက်ရိုးများအား အလွယ်တကူမီးရှို့ခြင်း၊ အပင်အကြွင်းအကျန်များအားမီးရှို့ခြင်း အစရှိသောလုပ်ဆောင်ချက်များကြောင့်ထွက်ရှိလာသောမီးခိုးမြူငွေ့များအားလျှော့ချရန်လည်းအထူးလိုအပ်လျက်ရှိပါသည်။

အဆိုပါမီးခိုးမြူငွေ့များသည် အနီးပတ်ဝန်းကျင်တွင်နေထိုင်သည့် လူသားတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကို ထိခိုက်ပျက်စီးစေရုံသာမက သက်ရှိတိရိစ္ဆာန်များနှင့်အပင်များအပေါ်တွင်လည်း အလွန်အန္တရာယ်ဖြစ်စေနိုင်ပါသည်။

မီးရှို့ခြင်းကြောင့် ပတ်ဝန်းကျင်ဂေဟာစနစ်ကို ထိခိုက်စေနိုင်ရုံသာမက မီးရှို့ထားသော စိုက်ခင်းမှထွက်ရှိလာသော လယ်ယာထွက်ကုန်များကို အခြားနိုင်ငံများက ဝယ်ယူမည်မဟုတ်သည့်အတွက် သီးနှံဈေးကွက်ဝယ်လို အားများ ကျဆင်းသွားနိုင်သောကြောင့် သီးနှံစိုက်ပျိုးရာ၌ မီးရှို့မှုလျှော့ချရေးလုပ်ငန်းများကိုပါ တောင်သူများအနေဖြင့် လိုက်နာဆောင်ရွက်စေလိုပါသည်။

ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်သွားစေရန် နည်းလမ်းဖြစ်သော နှစ်ရှည်သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးခြင့်၊ တောင်စောင်း

စာ-၁၅ သို့